
ဦးချစ်သော
တရားဝင်ဇနီး
(ဒုတိယတွဲ)
မေယိုကြညာ

ဦးချစ်သောတရားဝင်ဇနီး
မေပျိုကညာ
ဒုတိယတွဲ
ဇာတ်သိမ်းပိုင်း
Part-37

မနက်မိုးလင်းလင်းချင်း ရင်ခွင်ထဲတိုးဝင်ကာ အိပ်ပျော်နေရှာတဲ့ ငယ်လေးရဲ့မျက်နှာလေးကို မြင်လိုက်ရတာမို့ သွားတန်းလေးတွေ ပေါ်လာသည်အထိ နှစ်ခြိုက်စွာ ပြုံးလိုက်မိသည် ...။ နဖူးထက်ဝဲကျနေတဲ့ ဆံနွယ်တွေကို အသာသပ်တင်ပေးရင်း နဖူးလေးကို ခပ်ဖွဖွ နမ်းလိုက်တော့ ကိုယ်လုံးသေးသေးလေးတွေက တစ်ချက်မျှသာ တွန့်လူးလာပြီး

ပြန်လည် အိပ်ပျော်သွားပြန်၏ ...။ လက်တစ်ဖက်ကို ခေါင်းတင်ကာ အိပ်ပျော်နေတဲ့ ငယ်လေးသည် ဒီနေ့ဆို တက္ကသိုလ်ပထမဆုံးနေ့ တက်ရမှာကို မေ့လျော့နေသယောင် ...။ ဘေးကခုံပေါ်က နာရီကို ကြည့်လိုက်တော့ ၈နာရီတည့်တည့်ကို ညွှန်ပြနေပြီ ... ဒါတောင် ကလေးပေါက်စက အိပ်ကောင်းတုန်း ... မနိုးမဖြစ်တဲ့ အခြေအနေမို့ မျက်ခုံးလေးကို လေဖြင့်မှုတ်ကာ ...။

"အိပ်ပုပ်လေး ... ထတော့လေကွာ ။ ကျောင်းသွားရတော့မှာ မလား"

"ဟင့် ... ၅ မိနစ်ပဲ အိပ်မယ်လေနော် ။ ခဏလေး ခဏလေးပဲ"

ကိုယ်ပြောသည်ကို ဂရုမစိုက် တစ်ဖက်သို့လှည့်ကာ ပြန်အိပ်နေသည်မို့

... ရင်ဘတ်ထိ ခြုံထားတဲ့စောင်ကို ဆွဲလှန်ကာ ကျောပြင်အောက် လက်ကို လျှိုလိုက်ရင်း ခန္ဓာကိုယ်လေးကို ပွေ့ယူလိုက်တော့

"အာ ... အိပ်ချင်ပါတယ်ဆို ပြန်ချပေးဦး။ ညကလည်း နောက်ကျမှအိပ်တာ ကျောင်းက မသွားလည်း ရသေးတာပဲကို"

ခေါင်းလေးကို ရင်ဘတ်နား ကပ်ကာ ပြောလာသည်ဆိုပေမဲ့ မျက်လုံးက လုံးဝမျှမဖွင့် ...။ ညကလည်း ၁နာရီလောက်ထိ မအိပ်ပဲ ဇာတ်လမ်းတွဲ ထိုင်ကြည့်နေပြီး မနက်ကို မနိုးတော့ဘူး။

"ခဏလေးပဲအိပ်နော် နောက်ကျလို့မဖြစ်ဘူး ကလေးရဲ့ ...။ ရတီက စောင့်နေမှာလေ ပြီးတော့ ငယ်လေးပဲ ကျောင်းပို့ရင်း ကျောပိုးအိတ်အသစ် ဝယ်ပေးဆို"

"ဟမ် ... ဟုတ်တယ် အိမ်ဖွဲ့ကိုချပေးတော့ဦး ...။ အိမ်ဖွဲ့ ရေမြန်မြန် ချိုးလိုက်မယ်နော် အာ ... မဟုတ်သေးပါဘူး ဦးအရင်ချိုးလိုက် ...။ အိမ်ဖွဲ့က အင်္ကျီတွေ ထုတ်ထားပေးမယ်"

သူလိုချင်တာရမယ် ဆိုတော့ ပျာယာခတ်နေတဲ့ ကလေးငယ်ကို ခါးထောက်လျက်သား ငေးကြည့်နေမိပေမဲ့ ...။

"ဦး ဦးလို့ ရေသွားချိုးလေ ...။ "

စူအောင့်စွာ ထွက်လာတဲ့ အသံလေးကြောင့် တစ်ချက်မျှပြုံးကာ

"ဟုတ်ပါပြီဗျာ ။ အရမ်းကြီးမလောနဲ့နော် ငယ်လေး။ တစ်ခုခုထိခိုက်မိမယ် ကျောင်းက နောက်ကျလည်း ဘာမှမဖြစ်ဘူးသိလား ကလေး ထိခိုက်မိမယ် ဖြည်းဖြည်းပဲလုပ်"

စိတ်မချသံ တစ်သီတစ်တန်းကြီးဖြင့် ရေချိုးခန်းထဲ ဝင်သွားတဲ့ဦးကြောင့် အိမ်ဖွဲ့မျက်နှာလေးက ပြုံးသွားရပြန်သည်။ လက်ထပ်ပြီးကတည်းက အိမ်ဖွဲ့

အပေါ် အစိုးရိမ် ကြီးလွန်းတဲ့ ဦးကြောင့် ဆေးတက္ကသိုလ် တက်ရဖို့အရေး တစ်လလောက်ကို သချောပြောယူရသည် ... ။ ဒါတောင် မေမေတို့ မမတို့ ဒေါ်လေးတို့ကပါ ဝင်ပြောကူလို့ ... ဦးအလိုသာဆို အိမ်ဖွဲ့ အဝေးသင်ပဲ တက်ရမှာပါ။

"မွှေးလိုက်တာ ဘာနံ့လဲ"

နှာခေါင်းထဲ တိုးဝင်လာသည့် မွှေးပျံ့တဲ့ရနံ့ကို ရှူရှိုက်နေရင်း ခြေလှမ်းတွေကလည်း အဝတ်ဗီရိုဆီကို ဦးတည်ကာ ဦးအတွက် အဝတ်အစား ထုတ်ပေးလိုက်၏ ... ။ အောက်ထပ်က ရတဲ့အနံ့ကတော့ သေချာပေါက် အန်တီလှိုင် မနက်စာပြင်နေတာပဲ ဖြစ်ရမည် ... ။ အိမ်ဖွဲ့နဲ့ ဦး မင်္ဂလာဆောင်ပြီး မကြာခင်မှာပဲ ဦးဖေနဲ့မြတ်နိုး မင်္ဂလာဆောင်တာမို့ တစ်လမ်းကျော်မှာ အိမ်ဝယ်ပြီး ပြောင်းသွားပေမဲ့ အန်တီလှိုင်ရယ် ကိုကြီးရယ် ကတော့ အိမ်ဖွဲ့တို့နဲ့သာ အတူနေဖြစ်ကြသည်။ ဒါအပြင် အိမ်ဖွဲ့နဲ့ အဖော်ရှိအောင် ဆိုပြီး ငှားပေးထားတဲ့ စုမြတ်ဆိုတဲ့ ကောင်မလေး တစ်ယောက်လည်း ရှိတာမို့ အိမ်အလုပ်တွေကို အိမ်ဖွဲ့ကိုယ်တိုင် လုပ်ရသည်ဆိုတာက ခပ်ရှားရှားရယ်ပါ။

"အို ... လန့်လိုက်တာ ဦးရယ် ရောက်ရင်လည်း အသံလေးပေးပါလား ... "

အတွေးထဲ နစ်မျော နေတုန်း အနောက်ကနေ ကိုယ်လေးတစ်ခုလုံး သိမ်းကျုံးပွေ့ဖက်ခြင်း ခံလိုက်ရတာမို့ အလန့်တကြားလေး ဖြစ်သွားရ၏။

"ဦး ... အင်္ကျီအရင်ဝတ်လေ ... ။ အအေးပတ်နေမယ် ..."

"ဘာတွေများ စဉ်းစားနေတာလဲ ကလေးရဲ့ အဲ့လောက်ထိ လန့်သွားတယ်ဆိုတော့ ... "

"ဦးအကြောင်း စဉ်းစားနေတာပေါ့ "

"ကိုယ်အကြောင်း ... ဟုတ်လား ငယ်လေး။ ဘာလဲ ကိုယ်ဘယ်လောက်ချောတယ်ဆိုတဲ့ အကြောင်းလား"

ခပ်ဟဟလေးရယ်ကာ ပြောလိုက်သည့် ဦးရဲ့စကားကြောင့် ဖက်ထားတဲ့ လက်တွေကို ဖြေချပြီး မျက်နှာချင်းဆိုင် လှည့်လိုက်ကာ လက်တစ်ဖက်က မာန်ပါပါနဲ့ ခါးထောက်လျက်သား ...

"မဟုတ်ပါဘူးနော် ဒီရက်တွေအတွင်း ဦးထက်ချောတဲ့ ကောင်လေးတွေ အများကြီး တွေ့နေလို့ ... ။ အဲဒါ ဒီအဘိုးကြီးကို ပစ်ပြီး ကိုကိုတွေကို သွားငမ်းမလားလို့"

"ဘယ်လို ... ဟက် ... ဘယ်အကောင်ကိုများ ငမ်းမလို့လဲ လုပ်ရဲရင်လုပ်ကြည့်လိုက်လေ ... တစ်နေကုန် အခန်းထဲထည့်ပြီး သော့ခတ်ထားပြီး ချစ်ပစ်မှာ။ ကိုယ့်ကို မလုပ်ရဲဘူးများ ထင်နေလား ... "

"နှာဘူးကြီး ... တစ်နေ့တစ်နေ့ အဲ့အတွေးပဲ ခေါင်းထဲရောက်နေလို့ နှာခေါင်းကြီးလာပြီ အဲဒါဦးသိလား ... "

"အဲ့နှာဘူးကြီးကိုပဲ ... ကလေးပေါက်စက အသည်းအသန် ကြွေနေတာမလား။ တကယ်တမ်း ပြောရမယ်ဆို ကိုယ်နှာဘူးတာ မှန်ပါတယ် ဒါပေမဲ့ ငယ်လေးအပေါ်ကိုပဲ ဘူးတာ တခြားမိန်းမဆို ယောင်လို့တောင် မကြည့်ဘူး မှန်း သိတယ်မလား"

ပါးစပ်ကလည်းပြောရင်း ကိုယ့်ကိုကြောင်တောင်လေး ငေးကြည့်နေရှာတဲ့ အိမ်ဖွဲ့ ကိုယ်လေးကို ပွေ့ချီကာ စားပွဲပေါ် ပင့်တင်လိုက်တယ် ဆိုလျှင်ပဲ လည်တိုင်ကို ဖက်တွယ်လာတဲ့ လက်သွယ်သွယ်လေးတွေကို အသည်းယားစွာ နှာတံချွန်ချွန်လေး တွေကို လက်ညှိုးလေးနဲ့ အသာပွတ်ဆွဲလိုက်ရင်း။

"ပြီးတော့ ကိုယ်ကအသက်ကြီးတယ် ဆိုပေမဲ့ အရာရာမှာ စွမ်းဆောင်ရည် အပြည့်အဝ ရှိတယ်ဆိုတာ တခြားလူတွေထက် ငယ်လေးအသိဆုံးပါ"

"အာ ... ဘာတွေပြောနေတာလဲ ဦးရဲ့"

"ကိုယ်ပြောတာ ရှင်းရှင်းလေးပါ အလုပ်အကိုင်၊ ရုပ်ရည်ချောမောမှုတွေမှာ ကိုယ်က အကုန်ပြည့်စုံတယ် ဆိုတာ ပြောချင်တာ ... ။ ငယ်လေးက ဘာတွေတွေးနေတာလဲ"

"ဘာတွေးလို့လဲ ကိုယ့်ဘာသာ စိတ်ထဲရှိတာ တွေးတာ ဦးနဲ့လည်းမဆိုင်ပဲ"

စူအောင့်အောင့် လေသံလေးနဲ့ ချစ်စဖွယ်ပြောလိုက်တဲ့ အမူအရာလေးက အစ ကိုယ့်ရဲ့ ရင်ခုန်သံတွေကို မြန်စေပါသည်။ သူမလေးကို စလိုက်လို့ စိတ်ဆိုးသွားတာမို့ ပါးပြင်လေးကို ဖိကပ်နမ်းလိုက်တော့ မျက်စောင်းလေး တစ်ချက်ထိုးလာကာ

"မျက်နှာ မသစ်ရသေးဘူး ရေချိုးတော့မယ် ..."

"စိတ်ဆိုးသွားတာလား ကလေး ကိုယ်က ငယ်လေးကို ချစ်လို့စတာပါ ကလေးရယ် ။

"အိမ်ဖွဲ့ စိတ်မဆိုးပါဘူးဦးရဲ့ အင်္ကျီမြန်မြန် ဝတ်တော့နော် ... ။ တကယ်ပါ အိမ်ဖွဲ့က ဦးကို စိတ်ဆိုးစရာလား"

"ကိုယ့်ကလေးလေး မျက်နှာညှိုးရင် ကိုယ်မနေတတ်ဘူး"

ရေချိုးခန်းထဲဝင်ဖို့ ပြင်နေတဲ့ အိမ်ဖွဲ့ခါးလေးကို ဖက်ကာ ဝမ်းနည်းသံကြီးနဲ့ ပြောလိုက်တဲ့ဦးကြောင့် အိမ်ဖွဲ့ကိုယ်တိုင်ကလည်း စိတ်မကောင်းဖြစ်မိ၏။ အနောက်ကို ပြန်လှည့်ပြီး အဝတ်ဗလာကျင်း ဖြစ်နေတဲ့ ရင်အုပ်ကျယ်ကြီးကို နှုတ်ခမ်းပါးလေးတွေက ဖိကပ် နမ်းကာ ကိုယ်လေးကပါ ရင်ခွင်

ကျယ်ကြီးထဲ တိုးဝင်လိုက်တော့ အလိုက်တသိလေး ပြန်ဖက်လာကာ အိမ်ဖွဲ့ နဖူးလေးကို နမ်းရှိုက်လာလေသည် ... ။

"အိမ်ဖွဲ့ စိတ်မဆိုးဘူးဦးရဲ့ ... ဘာမှစိတ်မကောင်း မဖြစ်နဲ့နော်။ ခုနက ပြောတဲ့ ဦးနဲ့ မဆိုင်ဘူး ဆိုတာကလည်းလေ စိတ်ဆိုးလို့ပြောတာ မဟုတ်ဘူးနော် ... ။ ဦး အိမ်ဖွဲ့ကို စနေမှန်းသိတယ်။ အဲဒါကြောင့်မို့လို့ အိမ်ဖွဲ့ လည်း ပြန်စတာပါ ... ။ ဦးမလာခင်တုန်းက တွေးနေတာကလည်း ဦးနဲ့ အိမ်ဖွဲ့ လက်ထပ်တုန်းက အကြောင်းပါ ... ဘာမှစိတ်မကောင်း မဖြစ်ရဘူးနော်"

"ဟုတ်ပါပြီဗျာ ရေချိုးတော့နော် ...။ နောက်ကျနေလိမ့်မယ်"

"မွ ... မွ"

ခြေဖျားလေးထောက်ကာ ပါးနှစ်ဖက်ကို မွှေးကြူရင်း ရေချိုးခန်းထဲ ပြေးဝင်သွားတဲ့ ငယ်လေးက ချစ်မဝစွာပဲ ငေးကြည့်နေမိသည် ...။ အရိပ်အကဲနားလည်စွာ ကိုယ်စိတ်မကောင်း ဖြစ်သွားမှန်း သိသလို လူကိုလည်း မရိုးမယွဖြစ်အောင် တော်တော်လုပ်နိုင်တဲ့ ကလေးပေါက်စ။ ရေစိုနေတဲ့ ဆံပင်ကို တဘက်နဲ့ အသာသုတ်လိုက်ပြီး မျက်လုံးတွေက ခုတင်ပေါ် အခေါက်လိုက်ချထားတဲ့ အင်္ကျီ၊စုံစီကို အကြည့်အရောက် သဘောကျစွာ ပြုံးမိပြန်သည်။ မနေ့က သူကိုယ်တိုင် ဝယ်ပေးထားတဲ့ အဖြူ၊ အနက်အစင်းလေးတွေပါတဲ့ မြန်မာဝတ်စုံလေးကို သူမလေး သဘောကျနေမှန်း သိပေမဲ့ ချက်ချင်း ထုတ်ပြီး ဝတ်လိမ့်မယ်လို့ လုံးဝ ထင်မထားမိ။

***

"မင်း ငါနောက်ကို ဆက်ပြီး မလိုက်လာနဲ့တော့ ဒီရေ။ လျှောက်ရတာ မ

ပင်ပန်းဘူးလား ... "

ဈေးထဲကို လိုအပ်တဲ့ဟင်းသီးဟင်းရွက် လာဝယ်ရင်း အနောက်ကနေ တောက်လျှောက် လိုက်လာတဲ့ ဒီရေ့ကြောင့် လေသံအနည်းငယ်မြင့်ကာ အော်လိုက်ပေမဲ့ သူမဟုတ်သလိုပင် တစ်ဖက်သို့ လှည့်ကာ ခပ်တည်တည်နဲ့ ရပ်နေပြန်သည်။

"ဒီရေ မင်းကိုပြောနေတာလေ ။ လမ်းလျှောက်ရတာ မပင်ပန်းဘူးလား လို့ ... "

"ဗျာ ... မမကကျွန်တော့် အတွက် စိုးရိမ်လို့လား။

ရပါတယ်ဗျာ ... ကျွန်တော်ယောကျ်ားပါ ဒီလောက် လမ်းလျှောက်တာ လောက် ကတော့ မပင်ပန်းပါဘူး"

"မင်း ပြောလေကဲလေ မန်းလေးပြလေပါလား ဒီရေ"

ပြည်တည်တည် နဲ့ ကျူးကို စနောက်နေတဲ့ ဒီရေကြောင့် လေသံကို အနည်းငယ်လျှော့ကာ ပြောလိုက်ပေမဲ့ မျက်နှာပြောင်လွန်းစွာ လက်နှစ်ဖက်ကို နောက်ပစ်၍ ကျူးကို စိုက်ကြည့်နေလေ ပြန်သည်။

"မမကလည်း ကျွန်တော်က ကိုယ့်ခြေထောက်နဲ့ကိုယ် လာတာလေဗျာ ... ။ ကျွန်တော်အခုလို လိုက်နေတော့ မမအတွက် ပိုပြီး လုံခြုံတယ်လေဗျာ"

"ဘယ်လို ... မင်းတော်တော် လက်ပေါက်ကတ်တာပဲ ဒီရေ"

"သွားမှာဆို မြန်မြန်သွားပါမမရယ် ...။ ကျွန်တော်က ဈေးရောက်မှ မမ ဆီက မုန့်တောင်းစားမလို့။ မနက်စာ ဘာမှ မစားရသေးဘူးဗျ"

တကယ်လည်း ဒီရေမနက်စာ မစားရသေးပါဘူး ... ။ အသေးလေး မရှိ တဲ့နောက်ပိုင်း မမက အမြဲလိုပင် မနက်ဆိုဈေးဝယ် ထွက်နေကျဖြစ်သလို ... မနက်တိုင်း အနောက်က တကောက်ကောက် လိုက်ရတာကလည်း ဒီရေ့

တာဝန်ပင် ...။ မမကတော့ သူ့ထုံးစံအတိုင်း ဆက်မလိုက်ဖို့ အမြဲတမ်း အော်ငေါက်နေပေမဲ့ ပြီးရင်တော့ မနက်တိုင်းလိုလို မုန့်ဟင်းခါးတစ်ပွဲ ဝယ်ကျွေးတတ်သည်။ မမ အကျင့်လုပ်ထားလို့ အရင်က မစားခဲ့တဲ့ အစားအသောက်တစ်ခုက အခုဆို ဒီရေအကြိုက်ဆုံး အစားအသောက် တစ်ခုလိုဖြစ်နေလေပြီ။

"မင်းကတော့လေ နေ့တိုင်း အခုလိုချည်းပဲ။ လာ ငါ့အနောက်ကလိုက်ခဲ့"

"ဟုတ်မမ"

"ဒါနဲ့ မင်း ဒီကိုရောက်နေတာကြာပြီ ...။ မပြန်သေးဘူးလား"

"ကျွန်တော်ပြန်ရင် မမတစ်ယောက်တည်း လွမ်းနေမှာစိုးလို့ပါ"

"မင်းမိဘတွေက ဘယ်လိုလုပ်မလဲ ..."

"ဒယ်ဒီနဲ့မာမီက သူတို့ချွေးမလေးကို အပါခေါ်နိုင်မှ ပြန်လာတဲ့ ကျွန်တော့်ကို မှာလိုက်တယ် ...။ မေးနေတာကြာပါတယ် မမရယ် မုန့်ဆိုင်ရောက်မှ လာကျပ်နေမယ် မြန်မြန်လေး သွားရအောင်"

"အို ... ဖြည်းဖြည်းသွားလည်း ရပါတယ်"

ဒီရေ့စကားကြောင့် ရှက်နေတာတောင် မဆုံးလိုက် ကျူးရဲ့လက်ကိုဆွဲကာ လူကြားထဲ အတင်းတိုးဝင်နေတာမို့ ကျူးရဲ့မျက်နှာထက်က အပြုံးယဲ့ယဲ့လေး ကိုတော့ ဒီရေတစ်ယောက် မြင်လိုက်မည်မဟုတ် ...။ ပြန်ဖို့ပြောနေပေမဲ့ တကယ်တမ်း ဒီကောင်လေးသာ မရှိရင် ကျူးတော့ နေနိုင်ပါ့မလား ဆိုတာကိုလည်း တွေးနေမိသည်။ သမီးပြီးရင် ကျူးကိုပြုံး ရယ်အောင် လုပ်နိုင်တဲ့လူသားက ဒီရေပါ"

***

အလုပ်မသွားခင် ငယ်လေးကို ကျောင်းအရင် လိုက်ပို့ပေးရသည်။ နေ့

တိုင်းလိုလို အိမ်မှာ မနက်စာ အဆင်သင့်ပြင်ပေးထားပေမဲ့ သူမလေးက ဘယ်တော့မှမစား ... အမြဲတမ်းလိုလို `Sugar´ဆိုတဲ့ ဆိုင်ကိုသာ လိုက်ပို့ ခိုင်းလေ့ရှိတာမို့ ကျောင်းကိုပို့ရင်း ဆိုင်ပါ တစ်ခါတည်း သွားပေးရသည်။

"ဦး ရတီကို သွားမခေါ်တော့ဘူးလား"

"သွားနေတယ်လေ ကလေးရဲ့ ... "

"ဟုတ်လို့လား ဒါအိမ်ကိုသွားတဲ့လမ်းလည်း မဟုတ်ပဲနဲ့။ ဦးနဲ့ကိုကြီး အကျင့်ပုပ်ပြီး ရတီ့ကို မခေါ်တာလား။ ဟင့် ... မရဘူးနော် ရတီ တစ်ယောက်တည်းဆို မဖြစ်ဘူး"

ငိုသံပါလေးနဲ့ သူငယ်ချင်းအတွက်လစိုးရိမ်နေရှာတဲ့လသူမလေးကြောင့် လက်ကလေးတွေကို ဆုပ်ကိုင်လိုက်ကာ

"ရတီ့ကို သွားခေါ်နေပါတယ် ငယ်လေးရဲ့ ... ဘာမှမစိုးရိမ်နဲ့ ကိုယ်တို့က ရတီ့ကို တစ်ယောက်တည်း မထားခဲ့ပါဘူး။ အခုကငယ်လေးဘာမှ မစား ရသေးဘူးမလား ... ။ အဲဒါကြောင့်မို့ ငယ်လေးကို အရင်ဆုံး မုန့်ဆိုင် လိုက်ပို့ပြီး စစ်ခန့်က ရတီကို သွားခေါ်မှာ"

မျက်လုံးချင်း တည့်တည့်ကြည့်ကာ ပြောလိုက်တော့ သူ့စကားကို စဉ်းစား နေသည့်ဟန် မျက်လုံးလေးက ထောင့်ကပ်သွားရပြီး။ ခဏလောက်ကြာမှ ... ။

"တကယ်နော် အဲဒါကိုများ အစထဲက မပြောဘူး ဦးကလည်း။ တော် သေးတာပေ့ါ မျက်ရည်မကျခဲ့လို့"

"ဟက် ... မျက်ရည်လေးတွေက ဝဲလို့ကွာ ... ဒါနဲ့များ ကိုယ့်ကိုယ်ကိုယ် လူကြီးလေးလို လုပ်လာသေးတယ်"

"လှတယ်မလား ချစ်စရာလေးနော်"

"ချစ်စရာလေးလား ဆိုတော့က ... "

သနပ်ခါးပါးကွက်ကျားလေး လိမ်းထားတဲ့ ပါးပြင်လေးကို ခပ်ဖွဖွကိုင်ကာ ခေါင်းလေး စောင်းရင်း မေးလာသည့်ပုံစံလေးက အသည်းယားဖွယ် ... ။ သူမလေးမေးတာကို ချက်ချင်းမဖြေပဲ စဉ်းစားသလိုပုံစံလေး လုပ်လိုက်တော့ မျက်မှောင်လေးကျုံ့ကာ

"ပြော ပြောချစ်စရာလေး မလားလို့"

"လာပါဦး ကိုယ့်ဆီ ... ချစ်ဖို့ကောင်းတာပေ့ါ။ ဘယ်လို ကလေးလေးမှန်း မသိဘူး"

"ဦးရဲ့ ကလေးလေးလေ"

"အဟား ကိုယ့်ကို ခြွေနေတာပဲ အတတ်ကလေးရာ"

ခေါ်လိုက်သည်နှင့် အလိုက်တသိလေး ပေါင်ပေါ်လာထိုင်ရင်း ပြောလိုက်တဲ့ စကားကြောင့် ချစ်အားပိုစွာ ခါးသေးသေးလေးကို တင်းကျပ်စွာ ဖက်ထားလိုက်၏။ အသည်းယားလွန်းလို့ သနပ်ခါးရနံ့ မွှေးကြူနေတဲ့ ပါးပြင်လေးနှစ်ဖက်ကို နမ်းရှိုက်လိုက်တော့ ပခုံးပေါ်မျက်နှာလေး လာတင်လာလေသည်။

"ဦး အိမ်ဖွဲ့သနပ်ခါးတွေ ဦးရဲ့အင်္ကျီမှာပေကုန်ပြီ"

"အဲဒီတော့ ... "

"ပေကုန်ပါပြီဆို ဦးကလည်း ညစ်ပတ်ကုန်မှာပါ"

"ဒီလောက်မွှေးတဲ့ သနပ်ခါးနံ့ကို ကလေးရယ် ... ။ ကိုယ်တော့ သဘောကျတယ် ဖြစ်နိုင်ရင် ဒီအနံ့လေးကို တစ်နေကုန် နှာခေါင်းထဲ စွဲနေစေချင်တာ"

ဒီတစ်ခါတော့MDပြောတာ မှန်သည်။ အိမ်ဖွဲ့လိမ်းထားတဲ့ သနပ်ခါးနံ့သင်း

သင်းလေးက ကားထဲပျံ့နေကာ စိတ်ကိုကြည်လင်လာစေသည်။

"ဦးလည်း သနပ်ခါးလိမ်းလိုက်လေ"

"ဟက် ... ကိုယ်က လိမ်းလို့ဖြစ်မလား လိမ်းထားတဲ့လူဆီကပဲ ယူရမှာပေါ့"

ပြောပြီးသည်နှင့် နှာတံချွန်ချွန်တွေက အိမ်ဖွဲ့ပါးပြင်လေး တစ်လျှောက် ပြေးလွှားကာ အချိန်အတော်ကြာမှ လည်တိုင်ကြော့ကြော့လေးကို ဖိကပ်နမ်းရင်း အနမ်းတွေကို ရပ်တန့်စေသည်။

***

## Part-38

ဆိုင်ထဲကိုရောက်သည်နှင့် တူနှစ်ချောင်းကို လက်တစ်ဖက်စီ ကိုင်ထားကာ ဆိုင်တစ်ခုလုံးကို စေ့စေ့စပ်စပ် ကြည့်နေတဲ့ ငယ်လေးကြောင့် ကိုယ်ပါလိုက်ပြီး ဆိုင်အတွင်းဘက်ကို ငဲ့ကြည့်လိုက်သည် ...။ သို့ပေမဲ့ ထူးခြားတာဆိုလို့ ဘာတစ်ခုမှမရှိ ...။

"ငယ်လေး ... ဘာတွေကြည့်နေတာလဲ ကလေးရဲ့"

"မုန့်လေ ... အခုထိ လာမချပေးသေးလို့။ ဗိုက်ဆာနေပြီဦးရဲ့ ... "

နှုတ်ခမ်းလေးစူကာ မေးဖျားလေးကို စားပွဲပေါ်တင်ရင်း ပြောလိုက်သည့်မို့ ရယ်ချင်သည့် စိတ်ကို မနည်း အောင့်အည်းထားရကာ ... ဆံပင်လေးတွေကိုဖွလိုက်ရင်း

"လာမှာပေါ့ငယ်လေးရဲ့ ... ဗိုက်အရမ်းဆာနေလို့လား နောက်ရက်တွေဆို ငယ်လေး အိပ်ရာနိုးရင် အဆင်သင့်စားလို့ရအောင် ကိုယ်စီစဥ်ထားမယ် ...။ အခုတော့ ဆိုင်ပြောင်းကြမလား ..."

"အာ ... နေပါစေဦးရဲ့ ... အားနာစရာကြီး။ ဆိုင်လည်း မပြောင်းဘူး နောက်ရက်တွေလည်း ဒီတိုင်းပဲ လာစားမှာ ... နော် ဦး အခုလိုပဲလိုက်ပို့ပေးနော်"

"ကျောင်းနောက်ကျရင်ရော ကလေးရဲ့ ... အခုလိုစောင့်ရတာကျတော့ ငယ်လေးပဲ စိတ်မရှည်တာ မလား"

အိမ်ဖွဲ့အကြောင်း သိနေတဲ့ ဦးပြောသလိုပဲ စောင့်နေရတဲ့အချိန်ကို အိမ်ဖွဲ့

တကယ် စိတ်မရှည်တော့။ ပုံမှန်နေ့တွေဆို အိမ်ဖွဲ့ကိုယ်တိုင်က ကျောင်းမသွားရတော့ ကိစ္စမရှိပေမဲ့ အခုတော့ အိမ်ဖွဲ့ကလည်း ကျောင်းသွားရမည်ဖြစ်သလို ဦးကကျတော့လည်း အလုပ်ရှိသည် မဟုတ်လား။

"ဟုတ်တယ်နော်ဦး အဲဒါဆို နောက်နေ့တွေ အိမ်ကိုပဲ ပါဆယ်ပို့ခိုင်းလို့ရတာပေါ့ အဲ့ ...အဲ့ ..."

"ဟက်"

တွေဝေစွာနဲ့ပြောနေတဲ့ သူမလေးရဲ့ စကား မဆုံးလိုက် အရှေ့ကိုရောက်လာတဲ့ မီးရှေ့ပွဲကိုမြင်သည်နှင့် စကားတွေပင် ထစ်နေလေပြီ။ waiter ကောင်လေးရဲ့ စားပွဲပေါ် ချပေးတာကိုပင် မစောင့် ချက်ချင်းလှမ်းယူနေတဲ့ ငယ်လေးလက်ထဲက ပန်းကန်ကို အသာယူလိုက်ပြီး။

"ငယ်လေး လာ ကိုယ့်နားကို တိုးခဲ့။ ကိုယ်ခွံ့ကျွေးပေး"

"ဟုတ် ... ။ ဦးကရော မနက်စာ မစားဘူးလား"

"ကိုယ်က ကော်ဖီတစ်ခွက်ဆို လုံလောက်ပြီလေ ကိုယ့်အသည်းလေး ဗိုက်ဆာနေရောပေါ့ ..."

ပါးစပ်ကလည်း ပြောရင်း လက်ကလည်း ခေါက်ဆွဲဖတ်ကလေးတွေကိုတူဖြင့် သေချာညှပ်ကာ တစ်လုတ်ချင်း ဂရုတစိုက် ကျွေးနေမိပြန်သည် ...။ ကိုယ်ကတော့ ဘေးကအားကျသလို လှမ်းကြည့်နေကြတာကို မြင်ပေမဲ့ ငယ်လေးကတော့ အစားဘက်သာ အာရုံရနေသည်မို့ ... ဘာမှမြင်ပုံမရ။

"ဟင်းရည်လေး သောက်ဦးငယ်လေး ... ပူတယ်နော် ကိုယ်မှုတ်ပေးမယ် ခဏလေး စောင့်နော်"

"ဦး အိမ်ဖွဲ့ ဗိုက်ပြည့်သွားပြီ"

"ဗိုက်သေးသေးလေးက စားနိုင်သားပဲ။ ဒါလေး သောက်လိုက်ဦး"

အအေးခံထားတဲ့ ဟင်းရည်ကို တိုက်လာသည်မို့ မျက်စောင်းလေး တစ်ချက်ထိုးကာ သောက်လိုက်ရသည်။

"ရတီလည်း မလာသေးဘူးနော် ဦး နောက်ကျတော့မှာလား"

"မကျပါဘူးကလေးရဲ့ ... စောပါသေးတယ်"

"တော်သေးတာပေါ့"

" ကိုယ်နားကို လာပါဦးကွာ။ ကလေးသေးသေးလေးကို ဖက်ထားချင်လို့"

"လာပါပြီရှင့် ... လာပါပြီ"

လက်နှစ်ဖက်ဆန့်ကာ ခေါ်လိုက်သည်နှင့် သူမလေးရဲ့ ပေါင်ပေါ်တင်ထားတဲ့ ကျောပိုးအိတ်လေးကို ဘေးချပြီး လူပေါ်လာထိုင်တဲ့ ကောင်မလေးရဲ့ခါးသိမ်သိမ်လေးကို ဆွဲဖက်ကာ ပါးပြင်လေးကို နမ်းကြူလိုက်တော့ နှာခေါင်းထဲ တိုးဝင်လာတဲ့ သနပ်ခါးရနံ့လေးကြောင့် စိတ်ထဲကြည်လင်သွားရသည်။

"မွှေးလိုက်တာကွာ သနပ်ခါးနံ့လေး။ ချစ်ဖို့ကောင်းလိုက်တာ ကိုယ့်ငယ်လေးက"

"ဦး ... ဦးက အိမ်ဖွဲ့ကို အရမ်းချစ်တာပဲလား"

ရင်ခွင်ကျယ်ကြီးထဲကနေ မျက်လုံးလေး ပြူးကျယ်ကာ မေးလာသည့်သူမလေး ...။

"ချစ်တာပေါ့ငယ်လေးရဲ့ ... ကိုယ့်ဘဝမှာ မာမီနဲ့ဒယ်ဒီပြီးရင် ကိုယ့်ကလေးလေးကို အချစ်ဆုံး"

"အိမ်ဖွဲ့ကို နေ့တိုင်း ချစ်တယ်ပြောပေးရပြီး ဂရုစိုက်နေရလို့ဆိုပြီး စိတ်မပျက် သွားရဘူးနော်ဦး...။ အိမ်ဖွဲ့မှာ ဦးတစ်ယောက်ပဲရှိတာ ... ။ ပြီးတော့လေ မေမေတို့လိုလည်း အိမ်ဖွဲ့ကို ခွဲမသွားရဘူးနော် ... ။ အိမ်ဖွဲ့ချစ်တဲ့လူတွေက အိမ်ဖွဲ့အနားက တဖြည်းဖြည်း ထွက်သွားကြတာ။ ဦးသာ အိမ်ဖွဲ့ကို

ထားသွားခဲ့ရင် အိမ်ဖွဲ့ရှုးလိမ့်မယ်"

"ကလေးရယ် ကိုယ်ငယ်လေးကို ဘယ်တော့မှ ထားမသွားပါဘူး။ လုံးဝမှလည်း စိတ်မပျက်ဘူး ... အမြဲချစ်တယ် ပြောရတာလည်း မပင်ပန်းပါဘူးကွာ ...။ ကိုယ်ဘယ်တော့မှ ငယ်လေးအနားက ထွက်မသွားဘူးနော် ...။ ကိုယ်ငယ်လေးကို ဘယ်လောက် ချစ်လည်း ဒီကလေးလေးက သိသားပဲကို။ လုံးဝမှ အချစ်မလျော့ပါဘူး ..."

"နေ့တိုင်း ချစ်တယ်ပြောပေးနော် ပြီးတော့ ... ပြီးတော့လေ"

"ပြီးတော့ ဘာဖြစ်လဲ ငယ်လေး ကိုယ့်ကိုပြောလေ"

"အီး ဟီးမသိတော့ဘူး"

"မငိုရဘူးလေ ငယ်လေးရယ် ငိုရင်မောနေလိမ့်မယ် ဘာမကျေနပ်တာလည်း၊ ဘာကို လိုချင်တာလည်း။ ငယ်လေး ဘာလုပ်ချင်လဲ ကိုယ့်ကိုပြောနော်"

စကားပြောနေရင်း ရုတ်တရက်ကြီး ငိုချလိုက်တဲ့ငယ်လေးကြောင့် ပျာယာခတ်သွားရကာ မျက်ရည်တွေ ရွှဲနေတဲ့ မျက်နှာလေးကို ကြည့်ရင်း မေးနေမိတာက တစ်ခုပြီးတစ်ခု ဆိုပေမဲ့ သူမလေးကတော့ ပြန်လည်ဖြေကြားခြင်း မရှိပဲ ငိုမြဲအတိုင်းသာ။ ခုနမုန့်ကျွေးနေတဲ့အထိ ပြုံးရယ်နေသေးတဲ့ ငယ်လေးက မိဘတွေအကြောင်း တွေးမိသည်နှင့် ချက်ချင်းဝမ်းနည်းကာ ငိုနေရှာတာမို့ စိတ်မကောင်းမိ။ ကိုယ်တိုင်ကလည်း ဒေါ်လေးပြောပြထားတဲ့ ငယ်လေးရဲ့ ငယ်ငယ်က အကြောင်းတွေကို သိနေလေတော့ ပိုပြီးသနားမိသည်။

လက်ဖွေးဖွေးလေးက မျက်လုံးကို အတင်းပွတ်နေသည်မို့ မနေသာတော့ပဲ သူမလေးရဲ့ လက်ကလေးတွေကို ဆုပ်ကိုင်ကာ ... ခေါင်းလေးကို ထိန်း

ကိုင်ရင်း ရင်ခွင်ကျယ်ကြီးကို မှီစေသည်။

"မငိုနဲ့တော့နော် ... ငယ်လေး ကြောက်နေတာတွေက ပြီးသွားပြီ။ အခု ငယ်လေးဘေးမှာ ကိုယ်ရှိတယ်နော် ဘာမှမကြောက်နဲ့တော့ ... ကိုယ်ရှိတယ်ကလေး ကိုယ်ရှိတယ်နော်။ ဘယ်လို အန္တရာယ်တွေပဲရှိရှိ ... ကိုယ်ကာကွယ်ပေးမယ် ..."

"ဟုတ်"

"မငိုနဲ့တော့နော် ... မောနေလိမ့်မယ်။ ဒီနေ့အတန်း မတက်သေးနဲ့ဦး ကလေး ကိုယ်နဲ့ကုမ္ပဏီကို လိုက်ခဲ့"

"ရတီကရော"

"ကိုယ် စစ်ခန့်ကို ဖုန်းဆက်ပြီး ရတီကို ကျောင်း လိုက်ပို့ခိုင်းလိုက်မယ်။ ကိုယ့်ကိုမှီပြီး မျက်လုံးလေး မှိတ်ထားနော်။ မငိုရဘူး ကလေးလေး ဘာမှမဖြစ်ဘူးနော်"

ရှိုက်သံလေးတွေနဲ့ ငိုနေဆဲမို့ ခေါင်းလေးကို ပွတ်ရင်းချော့မြူကာ ကျန်တဲ့လက်တစ်ဖက်ကလည်း ဖုန်းထုတ်ပြီး စစ်ခန့်ကို ပြောရပေဦးမည်။

ရင်ခွင်ကျယ်ကြီးကိုမှီရင်း အိမ်ဖွဲ့ကိုပြုံးလျက်သား ကြည့်နေတဲ့ ဦးရဲ့အကျီစကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း စိတ်ထဲငိုချင်လာသလို ဝမ်းနည်းစိတ်ကလည်း တားမရတော့။

အိမ်ဖွဲ့ရဲ့ အတိတ်က ကြောက်မက်ဖွယ် ကောင်းခဲ့ပါသည် ကိုယ်တိုင်ကတောင် ပြန်မတွေးချင် လောက်တဲ့အထိ အိမ်ဖွဲ့စိတ်ထဲ ကြောက်နေခဲ့တာ မျက်စိရှေ့မှာတင် မိဘနှစ်ပါး ဆုံးပါးသွားတဲ့ သွေးပျက်ဖွယ် မြင်ကွင်းကိုမြင်လိုက်ရတာမို့ အိမ်ဖွဲ့ဘဝမှာ အကြောက်ဆုံးက သွေးခြင်းခြင်းနီနေတဲ့ မြင်ကွင်းကိုပါ ...။ ထိုဖြစ်ရပ်ကြောင့် သတိလစ်သွားရပြီး သတိပြန်ရလာ

ချိန်မှာတော့ ဘေးမှာ မမရှိနေသလို အိမ်ဖွဲ့ကို မွေးစားဖို့လာတောင်းတဲ့ ယောက်ျားကြီး တစ်ယောက်ပါ ရှိနေခဲ့၏။ မမက မွေးစားဖို့မပေးပေမဲ့ မိဘ၊ ဆွေမျိုးရယ်လို့ ဘေးမှာမရှိတာမို့ ထိုလူကြီးက အိမ်ဖွဲ့လက်ကို အတင်းဆွဲပြီး ခေါ်ဖို့လုပ်ခဲ့တာကို လုံးဝမျှမမေ့နိုင်သို့ပေမဲ့ ထိုလူကြီးရဲ့ ရမ္မက်ကို ကြောက်မိတာကြောင့် ဆေးရုံဘေးက ပစ္စည်း သိုလှောင်ခန်းကြီးထဲမှာ အိမ်ဖွဲ့တစ်ည လုံးနီးပါး ပုန်းကာနေခဲ့ရဖူးသည်။

မနက်မိုးလင်းတာတောင် မသိလိုက်ပဲ အမှောင်ခန်းကြီးထဲမှာ အေးခဲစွာ တစ်ယောက်တည်း ဖြတ်သန်းခဲ့ရအပြီး ... အိမ်ဖွဲ့က စိတ်ဓာတ်ပိုင်းမှာ ရော ကျန်းမာရေးပါ အရမ်းချူချာလွန်းခဲ့ပါသည်။ မမသာ အရောက်မစော ခဲ့ရင် အိမ်ဖွဲ့ဘဝက မတွေးဝံ့စရာပါ။

"ငယ်လေး ဘာတွေစဉ်းစားနေတာလဲ ကလေး။ မကြောက်နဲ့တော့နော် ငယ်လေးဘေးမှာ ကိုယ်တစ်ယောက်လုံး ရှိတယ်"

"ဦး ... အိမ်ဖွဲ့လေ အဲ့လိုအဖြစ်မျိုးကြီး နောက်ထပ် မဖြစ်ချင်တော့ဘူး။ ကြောက်လည်း ကြောက်တယ်"

မျက်နှာလေးမော့ကြည့်ကာ ငိုသံသဲ့သဲ့လေးဖြင့် ပြောလာတဲ့ ကလေးငယ် ဆိုလိုချင်တဲ့ အဓိပ္ပာယ်ကို သိတာမို့ ကိုယ်လေးကို ရင်ခွင်ထဲ နစ်ဝင်သွား သည့်ထိ တင်းကျပ်စွာ ထွေးပွေ့ထားကာ နဖူးပြင်လေးကိုပါ နမ်းရှိုက် လိုက်၏။

"ကလေးရယ် အဲ့လောက်ထိကြောက်ခဲ့တာလား။ ကိုယ့်ကလေးလေးကို သနားလွန်းလို့ ဘယ်လိုလုပ်ရပါ့ ... အရမ်းပင်ပန်းခဲ့မှာပဲ ... ။ စိတ်ချပါ အခုကစပြီး ငယ်လေးမှာ ဘာအန္တရာယ်မှ မရှိတော့ဘူးနော် ဘာပဲဖြစ်ဖြစ် ကိုယ်က ကာကွယ်ပေးမှာမို့ မကြောက်ရဘူးနော်။ ကိုယ့်ကလေးလေးကို ဘယ်သူကမှ ထိပါးလို့မရအောင် ကိုယ်က စောင့်ရှောက်ပေးမှာပါ"

"ဟုတ် ဦးကို ယုံတယ်။ အခုရော ကုမ္ပဏီသွားမယ်လေ ဦးရဲ့ အလုပ်နောက်ကျနေပေါ့မယ် ... "

"ခဏနေရင် စစ်ခန့် ရောက်လာလိမ့်မယ် ... ။ ကုမ္ပဏီမှာ စာချုပ်လက်မှတ် ထိုးစရာက အရေးကြီးလို့သာ သွားရမှာ ... ဖြစ်နိုင်ရင် အိမ်ကိုပဲပြန်ချင်တယ်"

"ဟီး ဦးကလေ"

မျက်နှာကြီးမှုန်ကုပ်စွာ ပြောလိုက်တဲ့ဦးကြောင့် သဘောကျသွားရသလိုလက်ကလေး အုပ်ကာရယ်မိ၏။

"ဟက် ... ရယ်ပြီပေါ့ အရူးမလေး"

နှုတ်ခမ်းပါးလေးကို ဖွဖွလေးဖိကပ်နမ်းကာ နဖူးထက်ဝဲကျနေတဲ့ ဆံနွယ်လေးတွေကို သပ်တင်ပေးရင်း စကားဆိုလိုက်တော့ လက်သေးသေးလေးတွေက ခါးကို တွယ်ဖက်ကာ မျက်နှာလေးကိုပါ အတင်းတိုးဝှက်လာလေ၏။

"ချစ်တယ်"

"ဘယ်သူ့ကိုလဲ"

"ဦးကို"

"ဘယ်လို ... အသံက တိုးသလိုပဲ ကိုယ်မကြားလိုက်ဘူး ငယ်လေးရဲ့"

"ဦးကိုချစ်တယ်လို့ ... ချစ်တယ် ... ချစ်တယ်လို့"

"ဟား ချစ်ဖို့ကောင်းလိုက်တာ ကလေးရယ်။ အွ မွ ... မွ"

အိမ်ဖွဲ့နှုတ်ခမ်းလေးကို ထိလိုက် နမ်းလိုက် လုပ်နေသည်မို့ ရှက်အားပိုစွာ အင်္ကျီ ကိုသာ ကျစ်နေအောင် ဆုပ်ကိုင်ထားမိသည်။ အိမ်ဖွဲ့တို့ထိုင်တဲ့နေရာက ဆိုင်ရဲ့ထောင့်နှစ်ခုကြား ဖြစ်တဲ့အပြင် အရှေ့က ကွယ်နေတဲ့

ပန်းအိုးကြောင့် လူတွေ သိပ်မမြင်ရဘူး ဆိုပေမဲ့လည်း ဘေးကခုံက လူအနည်းစုရဲ့ မျက်ဝန်းတွေကိုတော့ မရှောင်လွှဲနိုင်ခဲ့ပါပေ။

***

## Part- 39

ဒီနေ့မနက်လည်း ဒီရေအတွက် ထုံးစံမပျက် မမရဲ့အိမ်ရှေ့ကို ရောက်နေလေပြီ ...။ မနက်တိုင်း မမ မနက်စာ ထွက်ဝယ်တဲ့အချိန် ဘေးကနေ တကောက်ကောက် လိုက်နေရင်း အခြေအနေက တိုးတက်လာပြီလို့ပဲ ပြောရမလား ... အခုနောက်ပိုင်း မမဘက်က အရင်လို မောင်းထုတ်တာတို့ ဘာတို့မလုပ်တော့ပဲ ပြုံးရွှင်စွာပဲ စကားပြန်ပြောပါသည်။ တစ်ခါတလေဆို ဒီရေ အလုပ်အဆင်ပြေမပြေ မေးပြီး အားပေးတတ်၏။ ဒီလိုအပြုအမူလေးတွေ ကြောင့်လည်း မမအပေါ် တစ်နေ့တခြား မြတ်နိုးမှုက တရိပ်ရိပ်တိုးလာမည်ဆို ရမလား ဒီမှာ သောင်တင်နေတာ အချိန် အတော်အကြာနေပြီ။

စရောက်သည့် အချိန်ထဲက သူငယ်ချင်းပါ အတူလိုက်လာမည် ဆိုပေမဲ့ ဒီရေကိုယ်တိုင်က လက်မခံတာမို့ ၂ပတ်လောက်ကြာမှသာ လိုက်လာရပြီး သူငယ်ချင်း နှစ်ယောက်စပ်ကာ ကား Car showroom ဖွင့်ဖို့ စီစဉ်ထားလေသည်။ စပ်တူဆိုတာက စကားအရပါ တကယ်တမ်း ဒီရေကတော့ အချိန်တော်တော် များများကို မမဆီမှာ ပေးဆပ်နေလေ၏။

"ဒီနေ့လည်း ထုံးစံမပျက်ပဲလား ကောင်လေး။ မင်းအစ်မကို စောင့်နေတာဆိုရင် မျှော်မနေနဲ့တော့ အိမ်ဖွဲ့လေး နေမကောင်းလို့ မနက်အစောကြီးထဲက ထွက်သွားတယ်"

ခပ်ဟဟဖြစ်နေတဲ့ တံခါးကို အသာတွန်းဖွင့်ရင်း ဒေါ်လေးကတော့ ပြုံးစစဖြင့် ပြောနေပေမဲ့ ဒီရေကတော့ မပြုံးနိုင်၊ မရယ်နိုင် ...။ ဒီနေ့တစ်နေ့လုံးက မမကိုမတွေ့ရပဲ ကုန်ဆုံးရတော့မည်ပေါ့ ...။

"ရပါတယ် ဒေါ်လေးက မင်းအစ်မလို အားနွဲ့တဲ့ကောင်မလေး မဟုတ်ပါဘူး ...။ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးပါ ... ဟား"

"ဟာဗျာ ... ဒေါ်လေးကလည်း ပေးပါ ကျွန်တော်သယ်ကူမယ်"

မျက်နှာက ညှိုးသွားပေမဲ့ ကယောင်ကတမ်းနဲ့ ဒေါ်မြတ်လေး ကိုင်လာတဲ့ စျေးဝယ်ခြင်းကို လာကိုင်တဲ့ ဒီရေကြောင့် သဘောတကျ ရယ်မိလိုက်တော့ လည်ပင်းပွတ်လိုက် ခေါင်းကုတ်လိုက်ဖြင့် အလုပ်ရှုပ်သွားတာက ဒီရေပါ။

"မင်းတော်တော် ဖွံ့ကောင်းတာပဲ ... ကျူးနဲ့အခြေအနေကရော ဘယ်လိုလဲ"

"တိုးတက်လာတယ်လို့ပဲ ပြောရမလား ဒေါ်လေးရယ် ... ဒါပေမဲ့လည်းဗျာ မမက အရမ်း အေးဆေးနိုင်လွန်းတာပဲ"

"ကျူးက အရင်ထဲက အခုလိုပါပဲ မလှုပ်တလှုပ်လေး။ မင်းအခုလို နေ့တိုင်း သူ့ဘေးမှာ လိုက်ခွင့်ရတာကိုမှ အရမ်းကံကောင်းနေပြီ"

"သိပါတယ်ဗျာ ဒီလိုအခြေအနေကြီး ဆိုတော့လည်း ကျွန်တော့်အဖြစ်က ရှေ့တိုးရခက် နောက်ဆုတ်ရခက်နဲ့ဗျာ ...။ မမဆီက အဖြေကို မရမက အတင်းအကျပ် တောင်းရင်လည်း ကျွန်တော့်ကို မုန်းသွားမှာကြောက်တယ် ...။ ဒါပေမဲ့လည်း"

စကားကို ဆက်မပြောပဲ တစ်ဝက်တပျက်နဲ့ ရပ်သွားတဲ့ ဒီရေ့ကြောင့် ကိုယ့်မှာ ရယ်ရခက်ငိုရခက် ...။ ဒီအသက်အရွယ် ရောက်မှ တူမတွေကို ပြန်ပြီး အောင်သွယ်နေရတဲ့ ကိုယ့်ကိုယ်ကိုယ်သာ ပိတ်ရိုက်ချင်လို့ မဆုံးတော့ ... ဒီကောင်လေး ဘယ်လောက်ဖွံ့ရှိပြီး ကျူးအပေါ် အနစ်နာခံလည်း ဆိုတာ ကိုယ်တိုင်ကလည်း မျက်မြင်ဖြစ်ပေသည်။ သဘောကောင်း မနောကောင်း ရုပ်ကလေးပါချောတဲ့ ဒီကောင်လေးရဲ့ ဂရုစိုက်မှုတွေမှာ ကျူးတစ်ယောက်

မကျရှုံးဘူးဆိုတာ ဖြစ်နိုင်ပါ့မလား ...။ ကျောက်ဆောင် ကျောက်သားတွေတောင် အားပြင်းပြင်းနဲ့ တိုက်ပါများရင် ပြိုလဲတတ်သေးတာပဲ ...။ ကျူးရဲ့နှလုံးသားကရော ဘာသားနဲ့ထုထားတာမလို့ ဒီလောက်မာကျော နိုင်ပါ့မလည်း။ ဒါပေမဲ့လည်း ဒီရေက ဓိုင်းလို အကဲခတ် မတော်သလို ခြေမြန်လက်မြန် မရှိတာက ဒေါ်မြတ်လေးကို အားမလိုအားမရ ဖြစ်စေပါသည်။

"မင်းကလေ မိန်းကလေး တစ်ယောက်ရဲ့ နှလုံးသားကို ဘယ်လိုသိမ်းပိုက်ရမလဲ ဆိုတာ မသိတာပဲ ... "

"ဗျာ ကျွန်တော် နားမလည်ဘူး"

"ကျစ် ... မင်းကလေ ဒီနေရာမှာကျတော့ ဓိုင်းလောက်ကို ဉာဏ်ကမပြေးဘူး ... မထူးပါဘူး ... တူမတွေကို စိတ်ချချင်တော့ နောက်ဆုံး ကိုယ်ကပဲ အောင်သွယ်ပေးရမှာပေါ့"

မထင်မှတ်ထားတဲ့ ဒေါ်လေးရဲ့စကားကြောင့် မျက်လုံးပင် ပြူးကျယ်သွားသည်အထိ ...။ ဒေါ်လေးက အောင်သွယ်ပေးမယ်တဲ့လား ...။

"ဘာလဲ မင်းကငါ့ကို မယုံတာလား ...။ ရတယ်လေ ငါ့ဘာသာ သွားတော့မယ်"

"အာ ... မဟုတ်ပါဘူးဗျာ ဒေါ်လေးကလည်း ကျွန်တော်က ဝမ်းသာလွန်းအားကြီးသွားလို့ပါ"

လက်ထဲကခြင်းကို အတင်းဆွဲယူကာ ထွက်သွားဖို့ ပြင်နေတာမို့ မြန်ဆန်စွာပဲ ဒေါ်လေးလက်ကို

လှမ်းဆွဲပြီး အသနားခံတဲ့ မျက်ဝန်းတွေနှင့် တောင်းပန်ရပြန်သည် မတောင်းပန်လို့လည်း မဖြစ် ဒါဟာ ကိုယ့်ကျေးဇူးရှင်ပဲ မလား။

"ကျူးသဘောကျတဲ့ ပုံစံတွေကနေ ပြောပြမယ်"

"ဟုတ်ဒေါ်လေး"

" ................................"

မမရဲ့အကြိုက်တွေကို အသေးစိတ် ရှင်းပြနေတဲ့ ဒေါ်လေးစကားတွေကို သေချာ လိုက်မှတ်ရင်း ကျေးဇူးအထပ်ထပ် တင်နေမိသည်။ ဒါဟာ မမနဲ့ နီးစပ်ဖို့ လမ်းစပဲမဟုတ်လား ...။

***

"ကျူးတစ်ယောက်တည်း အဆင်ပြေပါ့မလား ...။ ငယ်လေးကိုကြည့်ရတာ အရမ်းကို အားနည်းနေသလိုပဲ"

"အလုပ်ကိုသာ ဖြောင့်အောင်သွားပါ ဦးရယ် ... စိတ်မပူပါနဲ့ အိမ်ဖွဲ့ အဆင်ပြေပါတယ်"

"ဟုတ်ပါတယ် ကိုဇိုင်းရယ် ...။ ကျူးရှိနေတာပဲဥစ္စာ ဘာမှစိတ်မပူပါနဲ့"

ငယ်လေးကသာ စိတ်မပူပါနဲ့လို့ပြောနေပေမဲ့ ဘယ်လိုဖြစ်လို့ စိတ်မပူပဲ နေနိုင်ပါ့မလည်း။ မနေ့ကအထိ အကောင်းအတိုင်း ရှိနေပေမဲ့ ည၁၂နာရီလောက်ကြီး အဖျားတွေတက်လာပြီး လူလည်း ယဲ့ယဲ့ပဲကျန်တော့တဲ့ ငယ်လေးက ထိုင်တောင် မထိုင်နိုင် ရင်ခွင်ထဲမှာသာ ကလေးတစ်ယောက်လို တိုးဝင်နေပြီး စိတ်မပူဖို့ပြောနေလေတော့ ပိုလို့တောင် စိတ်ပူမိသေးသည်။ အရှေ့မှာထိုင်နေတဲ့ ကျူးကို အားနာမိပေမဲ့ တစ်ခုခု အရေးအကြောင်းသာဆို ကျူးတစ်ယောက်တည်း ဘယ်လိုမှမဖြစ်နိုင်ပါ ...။

"ငယ်လေးရယ် ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ပါဦး ဖျော့တော့ပြီး မတ်မတ်တောင်မှ မထိုင်နိုင်တာ ကိုယ်ကဘယ်လိုလုပ်ပြီး စိတ်မပူပဲ နေနိုင်ပါ့မလည်း"

"ဒါပေမဲ့လည်း အလုပ်တော့ သွားရမယ်လေ အိမ်မှာပဲ အမြဲနေလို့မှမရ

ဘူးလေ ... ပြီးတော့ အိမ်ဖွဲလည်း ဘာမှဖြစ်တာမှမဟုတ်တာ ... မနေ့ညနေက ရေချိုးတာကြာသွားလို့ နေမကောင်းဖြစ်ရုံလေးပဲ ... ဦးစိတ်မချဖြစ်မှာစိုးလို့ မမကိုတောင် ခေါ်ထားတာ ... "

"ငယ်လေး ကိုယ်ပြောမယ်နော် ခဏလေး နားထောင်ပေး"

ဒေါသသံလေးစွက်ကာ အားကုန်သုံးပြီး အော်လိုက်တဲ့ ငယ်လေးကြောင့် ခေါင်းကိုခါယမ်းကာ လက်ကလေးတွေကို ဆုပ်ကိုင်လိုက်တော့ အလိုက်တသိပဲ ကျူးက ရှောင်ပေးပါသည်။

"ဟင့်အင်း ... မပြောနဲ့ ခုနက ကိုကြီးပြောတာ အိမ်ဖွဲ့ကြားတယ် ဒီနေ့ စင်ကာပူက လုပ်ငန်းရှင် တစ်ယောက်နဲ့ စာချုပ်ချုပ်စရာ ရှိတယ်ဆို ... ။ ဦးမသွားလို့မှ မရတာ ... "

ဆုပ်ကိုင်ထားတဲ့ လက်ကို ရုန်းဖယ်ပြီး ချက်ချင်းငြင်းပယ်နေတဲ့ ငယ်လေးကိုသနားပိုစွာ ကိုယ်လုံးသေးသေးလေးကို ထွေးပွေ့ထားမိ၏။ ရိုးရိုးနေမကောင်း ဖြစ်ရင်တောင် စိတ်မချနိုင်တဲ့ ကိုယ်က ငယ်လေးအခုလို အခြေအနေထိ ဖြစ်ရတဲ့အကြောင်းကို မသိတာလည်း မဟုတ်ပဲ ဘယ်လိုဖြစ်လို့ အလုပ်ကို စိတ်ဖြောင့်ဖြောင့်နဲ့ သွားနိုင်ပါ့မလည်း။

"ကလေးရယ် ကိုယ့်ဘ၀မှာ ကလေးက အရေးအကြီးဆုံးဆိုတာ သိတယ်မဟုတ်လား ... ညကငယ်လေး အရမ်းကြောက်နေတာ ကိုယ်သိတယ် ... ။ အခုလို နေမကောင်း ဖြစ်တဲ့အထိ စိတ်ထဲ ဘယ်လောက် ကြောက်နေမလည်း ဆိုတာလည်း ကိုယ်သိတယ် ငယ်လေးရဲ့၊ ဒီနေ့တော့ ကိုယ့်ကလေးအနားမှာ ကိုယ်ပဲနေချင်တယ် ... "

"အိမ်ဖွဲ့ကြောင့် အလုပ်ဘက်မှာ လစ်ဟင်းမှာကို မလိုလားဘူး။ တစ်ရက်ဆိုပေမဲ့လည်း ဒါအရေးကြီးတယ်လေ ဦးရယ်"

"မပြောနဲ့တော့ ... မောနေလိမ့်မယ်"

လေသံတိုးတိုးလေးဖြင့် မျက်လုံးလေးပင့်ကာ ပြောနေရှာတာမို့ အသည်းယားစွာ နှုတ်ခမ်းပါးလေးတွေကို ဖိကပ်နမ်းလိုက်ရင်း စကားသံတွေကိုရပ်စဲစေသည်။ အဖျားရှိန်ကြောင့် နွေးနေတဲ့ ကိုယ်လုံးသေးသေးလေးကို တင်းကျပ်စွာ ဖက်တွယ်ရင်း နဖူးလေးကိုနမ်းကာ ကျောပြင်ကိုပါ ပွတ်ပေးနေမိ၏။

"ခဏတော့ သွားလေ စာချုပ်ပြီးရင် ပြန်လာခဲ့"

"မဖြစ်ပါဘူးငယ်လေးရယ် ကိုယ်ငယ်လေးကို ဘယ်လိုမှ စိတ်မချနိုင်ဘူး"

"ဘာလဲ ဦးက အိမ်ဖွဲ့ကို မယုံဘူးလားအာ့ ... အာ့ ... "

"ငြိမ်ငြိမ်နေ ရှန်းရင်ပိုဖက်ထားမှာ"

အနုနည်းနဲ့ပြောလည်း မရတဲ့ဦး ... အကြမ်းနည်းနဲ့ ပြောလည်း မရတဲ့ဦးကြောင့် လေသံကို အနည်းငယ်မာကာ ရှိတဲ့အားလေးနဲ့ ရင်အုပ်ကျယ်ကြီးကို တွန်းဖက်လိုက်ပေမဲ့။ မြန်ဆန်လွန်းလှစွာ ခါးလေးကနေ ပြန်ဖက်လိုက်တဲ့ သန်မာလွန်းတဲ့ လက်တစ်စုံကြောင့် တစ်စက်ကလေးမှ လှုပ်မရပဲ ... ဦးရဲ့ပခုံးပေါ်မှာသာ ခေါင်းလေးမှီလျက်။

"နော် ... ဦး ခဏလေးပဲ အလုပ်သွားလေ။ စာချုပ်ပြီးရင်ပြန်ခဲ့ အိမ်ဖွဲ့စောင့်နေမယ် ... အပြန်ကျရင် အိမ်ဖွဲ့စားချင်တဲ့ မုန့်လည်း ဝယ်ခဲ့ပေးလေနော်။ ဦး ... ဦးအိမ်ဖွဲ့ကလေ ကြေးအိုးသောက်ချင်တာ နော် ဦးအလုပ်ကပြန်ခဲ့ရင်ဝယ်ခဲ့ပေးလေ"

"အဲ့လိုချွဲရုံနဲ့ ကိုယ်က စိတ်လျှော့သွားမယ် မထင်နဲ့ လုံးဝပဲငယ်လေး"

"ချစ်တယ်လေ ... နော် ဦးလို့"

"နမ်း ... "

"ဟင်"

"ဟား ..."

ရင်ခွင်ကျယ်ကြီးကို လက်ညှိုးဖြင့်ထောက်ကာ ချွဲစိန်လေးလုပ်နေရင်းက ကိုယ်ပြော လိုက်သည့် စကားကြောင့် ရပ်တန့်သွားတဲ့ လက်ကလေးတွေကြောင့် သဘောတကျ ရယ်လိုက်မိသည်။ လက်ထပ်ပြီးတာ ကြာပေမဲ့ ဒီကောင်မလေး အခုချိန်ထိ မနမ်းတတ်သေးဘူး ဆိုတာသိတာပေါ့။

"ကိုယ့်ကိုနမ်း ... "

"နမ်းရင် တကယ်သွားမှာလား ... "

"ကိုယ်ယောက်ျားပါ ... "

"ဦးက ယောက်ျားမှန်း အိမ်ဖွဲ့သိတာပေါ့"

"ဘယ်လို ... ဟားငယ်လေး ... ။ ဘယ်လိုတွေတောင်လား ကလေးရယ် ... "

ရယ်သံကျယ်ကြီးကြောင့် နှုတ်ခမ်းလေးစူကာ စိတ်ကောက် နေသည်လေးက လုံးဝကို ကြမ်းကြမ်းတမ်းတမ်း နမ်းပစ်ဖို့ကောင်းနေသည် ...။

"ကတိနော်ဦး ... ပြောပြီးသား စကား ပြန်မပြောင်းရဘူး"

နဖူးလေးက မေးဖျားကို လာတိုက်ကာ ကတိတောင်းနေတဲ့ သူမလေးကြောင့် မေးဖျားလေးကို ဆွဲမော့ကာ ခပ်ဟဟဖြစ်သွားတဲ့ နှုတ်ခမ်းပါးနှစ်လွှာကို စုပ်ယူကာ နမ်းရှိုက်နေမိသည် ...။ ဒီနှုတ်ခမ်းလေးကို စွဲလမ်းတာကတော့ ရှူးနိုင်တဲ့အထိပဲ ...။ ကျောပြင်က အင်္ကျီစကို ဆုပ်ကိုင်လာတဲ့ လက်သေးသေးတွေကို ဂရုမစိုက်ပဲ ပါးပြင်နဲ့ လည်တိုင်ကြော့ကြော့လေး တစ်လျှောက်ပါ ချိုမြိန်တဲ့ အနမ်းတွေက ကူးလူးသွားလေ၏။

***

"Hi, nice to meet you, Mr. Zine"

(Hi,မစ္စတာဇိုင်း! တွေ့ရတာ ဝမ်းသာတယ်ဗျာ)

"Nice to meet you too.

Thank you very much ?for this offer"

(ကျွန်တော်ရောပဲ တွေ့ရတာဝမ်းသာပါတယ် အခုလို ကမ်းလှမ်းမှုအတွက် တကယ် ကျေးဇူးတင်တာပါ)

"Oh, thank you for accepting my offer.

AK group is the largest business in Myanmar."

(အို ... ကျွန်တော့်ကမ်းလှမ်းမှုကို လက်ခံပေးတာကိုပဲ ကျေးဇူးတင်တာပါ။ AK groupက မြန်မာပြည်မှာ အကြီးဆုံးလုပ်ငန်းပဲ။ )

"Praise is not so much"

(ချီးကျူးမှုကြီးပါ အဲ့လောက်လည်း မဟုတ်ပါဘူး)

တစ်ဖက်က လုပ်ငန်းရှင်နဲ့ ပြေလည်အောင် မျက်နှာပြင်ထက် အပြုံးတစ်ခု ဖန်တီးကာ ပြောနေရပေမဲ့ အဆင်ပြေသည်တော့ မဟုတ် ... စာချုပ်ချုပ်ရဖို့ အရေးကို စကားများ နေရသေးသည်။

"I'm interested in Mr. Zine

Especially the key to success

at a young age."

(ကျွန်တော် မစ္စတာဇိုင်းကို စိတ်ဝင်စားမိတယ် အထူးသဖြင့် အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ အခုလောက်ထိ အောင်မြင်နေတဲ့ အဓိကသော့ချက်ကိုပေါ့။ )

"I'll tell you when I see you again.

Now my wife is sick . I will talk about work."

(နောက်ထပ် တွေ့ခွင့်ရရင် ပြောပြတာပေါ့။ အခုတော့ ကျွန်တော့်မိန်းမ နေမကောင်းလို့ အလုပ်အကြောင်းပဲ ပြောကြတာပေါ့)

"I talk too much"

(စကားတွေ အများကြီး ပြောမိတာပဲ။ )

"Can I start?"

(စလို့ရပြီလား)

"Ok"

(အဆင်ပြေပါပြီ)

ခပ်ပြတ်ပြတ် ပြောလိုက်မိပေမဲ့ တစ်ဖက်က လုပ်ငန်းရှင်ကိုတော့ အားနာမိပါသည်။ မြန်မာပြည်မှာ ခရီးသွားလုပ်ငန်းတွေ အများကြီး ရှိပေမဲ့ "AK gp"ကိုမှ ရွေးချယ်ပြီး လက်တွဲဖို့ ကမ်းလှမ်းလာတဲ့ "Zoe" ဆိုတဲ့ Company ကလည်း စင်ကာပူမှာ နာမည်ရနေတဲ့ လုပ်ငန်းကြီးတစ်ခုပါ။

***

စာချုပ်ကိစ္စပြောဆိုအပြီး ငယ်လေးအတွက် ကြေးအိုး ဝင်ဝယ်နေရင်း အရှေ့က စုံတွဲလေးကို ငေးကြည့်နေမိသည်။ ကောင်မလေးက ငယ်လေးတို့ အရွယ်လောက် ရှိပေမဲ့ ကောင်လေးက ကိုယ်နဲ့ မတိမ်းမယိမ်းလောက်ပဲ။

"MD ဖုန်းလာနေတယ်"

"အင်း"

ငေးရင်း ဘယ်လောက်ထိ တွေးနေမိလည်း မပြောတတ် ဖုန်းလာတာ

တောင် သတိမထားမိပဲ ဘေးက စစ်ခန့်က သတိပေးလာရသည့် အဖြစ်။

"ဦး"

"ဗျာ"

"ပြန်လာပြီလား ... အိမ်ဖွဲ့က ဦးကိုမျှော်နေတာ"

တစ်ဖက်က ချွဲနွဲ့သံလေးနဲ့ ပြောလိုက်သည့် အသံလေးကြောင့် အလုပ်မှာ စိတ်ညစ်ခဲ့သမျှက ပျောက်ပြယ်သွားရသယောင်။

"ကိုယ်ပြန်လာနေပြီ ကလေးရဲ့... မုန့်ဝင်ဝယ်နေတာ။

ခဏပဲစောင့် ကိုယ်ရောက်လာတော့မှာ"

"ကားကိုဖြည်းဖြည်းပဲ မောင်းခိုင်းနော် အိမ်ဖွဲ့စောင့်နေတယ်။ အလုပ်ကိစ္စရော အဆင်ပြေလားဦး"

"ပြေပါတယ် ဆေးသောက်ပြီးပြီလား ကလေးပေါက်စ"

"ဦးလာမှသောက်မှာ အိမ်ဖွဲ့စောင့်နေတယ်နော် ဦးဖုန်းချလိုက်တော့မယ် အာဘွား မွ မွ"

ပြောချင်တာပြောပြီး အတင်းဖုန်းချသွားတဲ့ ငယ်လေးရဲ့အသံက မနက်က ထက်တော့ ကြည်လင်နေသည်မို့ အနည်းငယ် စိတ်သက်သာရာ ရပါသည်။ နောက်ဆုံး ချစ်စဖွယ် အပြုအမူလေးတွေကြောင့် နှလုံးသားတစ်ခုလုံး လှုပ်ခတ်သွားသည်ကိုတော့ ကိုယ်တိုင်သာအသိဆုံး။

***

Part- 40

"ရေး ... ဦးပြန်လာပြီကွ"

ကားပေါ်က ဆင်းလိုက်တယ်ဆိုရင် ချက်ချင်း လူကိုပြေးဖက်ကာ ခြေထောက်နှစ်ဖက်ကပါ ခါးကိုချိတ်တွယ်လာတာမို့ ပြုတ်မကျအောင် သေချာလေး ပွေ့ထားလိုက်ရင်း နဖူးလေးကို ဖွဖွနမ်းကာ ...

"ကိုယ့်ငယ်လေးက ကိုယ့်ကို စောင့်နေတာလား ...။

"ဟုတ် ခုနကလေ အိမ်ပေါ်ကနေထိုင်ပြီး ဦးကိုစောင့်နေတာဒါပေမဲ့ စိတ်မရှည်တော့လို့ အောက်ကိုလည်း ဆင်းလာရော ဦးပြန်ခဲ့တာနဲ့ ကွက်တိဖြစ်သွားတာ"

"အဟား ဟုတ်ပါပြီကွာ ကိုယ့်ကို စောင့်နေတယ်ဆိုတာ ဘယ်လိုယုံရမှာလဲ။ မုန့်ဝယ်ခဲ့မယ်ဆိုလို့ မဟုတ်ဘူးလား"

"ဘယ်ကသာ ... မုန့်က ဦးလောက် အရေးမကြီးဘူး ဦးကိုစောင့်နေတာ မယုံရင် ကြီးလှိုင်ကိုမေးကြည့်"

"ဟာ ... "

ပွေ့ထားလျက်ကနေ ခေါင်းလေးစောင်းကာ အနောက်ကို လှည့်မေးလိုက်တာမို့ အနည်းငယ်ယိုင်သွားတဲ့ ကိုယ်လေးကို ကျောကနေ ထိန်းကိုင်ကာ စိတ်ထဲလည်း ရှိန်းခနဲဖြစ်သွားရ၏။

"ကျစ် ... ပြုတ်ကျပြီလားလို့ ငယ်လေးရယ် လန့်သွားတာပဲ။ အဲ့လို ရုတ်တရက်ကြီး မလှည့်လိုက်နဲ့လေ ကိုယ်သာ မထိန်းနိုင်ရင် ပြုတ်ကျမှာ

ကလေးရဲ့ ... "

"ဟီး အခုမပြုတ်ကျဘူးလေ ... အိမ်ဖွဲ့ကိုယ်လောက်ကတော့ ဦးပွေ့ထား နိုင်တယ် ဆိုတာ သိပါတယ်"

ကိုယ့်မှာသာ စိတ်ပူလို့ပြောလိုက်ပေမဲ့ သူမလေးကတော့ အပြုံးမပျက်ပဲ ခြေထောက်နှစ်ဖက်ကို လှုပ်ရှားကာ ကိုယ့်ကိုပြန်စနေသည့်အတွက် မျက်မှောင်ကြီးက အလိုလိုကျုံ့သွားရ၏။ မနက်ကထိ နေမကောင်းလို့ ယုန် ပေါက်လေးလို ကွေးနေတာက သူမဟုတ်သည့်နှယ် အခုတော့ဖြင့် အင်္ကျီ လက်ရှည်တောင် ထပ်ဝတ်မထားပဲ ညအိပ်ဝတ်စုံလေးဖြင့်သာ ... ...။

"မတော်တဆများ ကိုယ်သတိမထားမိရင် ဘယ်လိုလုပ်မလဲ မင်းကွာ တ ကယ့်လူဆိုးမလေး"

"မချစ်ဘူးလား အရင်က ဦးပြောတော့ လူဆိုးမလေးမို့ ချစ်တာပါဆို ... အခုက ဆိုးလို့ မချစ်တော့ဘူးပေါ့။ ရပါတယ် ... အခုကစပြီး အိမ်ဖွဲ့ တည် တည်ငြိမ်ငြိမ်လေးပဲ နေတော့မယ်"

သနားစဖွယ် မျက်နှာလေးနှင့် ခေါင်းလေးကို ပခုံးပေါ်မှီရင်း သက်ပြင်းချ ကာ ပြောလိုက်သည့် အိမ်ဖွဲ့စကားကြောင့် ရယ်ရမလို ငိုရမလို ...။ ကိုယ့် ကလေးအကြောင်း ကိုယ်သိတယ်လေ တခြားလူတွေသာ အသက်ကြီးလို့ တည်ငြိမ်ရင် တည်ငြိမ်သွားလိမ့်မယ် ... ငယ်လေးကတော့ မဖြစ်နိုင်။ အမြဲတမ်း ကိုယ့်အပေါ် ကလေးတစ်ယောက်လို ဆိုးနွဲ့နေပြီး ကိုယ် ကိုယ်တိုင်ကလည်း မျက်နှာတစ်ချက် အညိုးမခံတော့ ဆိုးချင်သလိုဆိုးပြီး လုပ်ချင်တာ လုပ်ခွင့်ရနေတဲ့ ဒီကလေးက တည်တည်ငြိမ်ငြိမ် နေနိုင်ပါ့မ လား ...။

"အာ ... ဘာလို့ အိမ်ဖွဲ့ကို ရယ်နေတာလဲ ...။ ဟွန့် ... လူကို မယုံသလိုပဲ ကြည့်နေပါ နောက်ရက် အိမ်ဖွဲ့လေး တည်ငြိမ်သွားမှာ ငယ်လေးရေ၊ သမီး

ရေ အရင်လိုဆိုးပါဦး ဆိုတော့ကတော့လား ... အိမ်ဖွဲ့တဲ့ ပြောပြီးသား စကားကို လုံးဝမှပြန် မပြောင်းဘူး ... လုံးဝ ... လုံးဝပဲ"

"အိမ်ဖွဲ့ရယ် မဟုတ်တာတွေ မပြောပါနဲ့လား ညီမလေး"

ခုနက အိမ်ဖွဲ့ကိုရယ်လို့ စိတ်ဆိုးတာတောင် မပျောက်သေး နောက်ပါး ထံမှ ထွက်လာတဲ့ ကိုကြီးစစ်ခန့်ရဲ့ အသံကြောင့် မျက်နှာလေးက မှုန်ကုပ် သွားပြီး စိတ်မကြည်ဖြစ်လာတော့ နှုတ်ခမ်းလေးကပါ အလိုလို စူလာ သည်။

"ဟက် ... မိုးသားအိမ်ဖွဲ့တဲ့ ကြည့်နေ နောက်နေ့ကစပြီး ပေါတောတော မ နေတော့ဘူး"

"ကိုယ့်ကလေးကို ဘယ်လိုနေနေ ချစ်ပြီးသားပါ နေလည်း မကောင်းသေး တော့ ကလေးရယ် စိတ်မဆိုးနဲ့ တော့နော်"

"မသိဘူး အိမ်ဖွဲ့စကားဆို ဘာလို့မယုံကကတာလဲ။ အတည်ကြီး ပြောနေ တဲ့ဟာကို"

အသံလေးက တိမ်ဝင်သွားကာ လူပေါ်ကနေ ဆင်းသွားသည်က ချက်ချင်း ပင် ... ။ ခေါင်းလေးငုံ့ကာ ခြေလှမ်းတွေက ခြံထဲကို ဦးတည်နေသည်မို့ အနောက်ကနေ ထက် ကြပ်မကွာ လိုက်နေမိသလို ပါးစပ်ကလည်း အငြိမ်မ နေပါပေ ... ။

"ငယ်လေးရယ် စစ်ခန့်တို့ကစတာပါ ကိုယ်ကလေ ငယ်လေးဘယ်လိုပုံစံ လေးပဲ ဖြစ်ဖြစ်ချစ်ပြီးသားပါ။ လေစိမ်းတွေ တိုက်နေတယ် ပြန်ပြီး ဖျားနေ ပါဦးမယ် ကလေးရယ် အိမ်ထဲ ပြန်ဝင်ရအောင်လေ ... အင့် "

"ခဏလေး ငြိမ်ငြိမ်နေပေးနော်"

"ဘာဖြစ်လို့လဲ ငယ်လေး ကိုယ့်ကိုပြော"

"ဟင့်အင်း ... ဒီအခြေအနေလေးကို သဘောကျလို့"

အနောက်ကိုလှည့်လာပြီး ရင်ခွင်ကျယ်ကြီးထဲ တိုးဝင်လာတဲ့ သူမလေးကြောင့် ကျောပြင်လေးကို ပြန်လည် သိုင်းဖက်ထားမိ၏။ အနည်းငယ်နွေးနေတဲ့ ကိုယ်လုံးလေးကြောင့် ပိုပြီး တိုးဖက်ထားလိုက်တော့ ရင်ခွင်ထဲထိ နစ်မြုပ်မတတ် ဖြစ်သွားတဲ့ထိ ငယ်လေးရဲ့ခန္ဓာကိုယ်က သေးသေးလေး ... ။

"ငယ်လေး ဘာဖြစ်နေတာလဲ ကလေးကိုယ့်ကိုပြောလေ ... "

"အိမ်ဖွဲ့လေ ဦး လူတစ်ယောက်ကို သတ်ချင်တယ်"

"ဘယ်လို သူက ငယ်လေးကို နာကျင်အောင် လုပ်လို့လား ဘယ်တုန်းကလည်း ဘယ်အချိန်ကလည်း ကိုယ်ကိုပြော"

"မမပြောတာ ဦးလည်း အိမ်ဖွဲ့ငယ်ငယ်က ကိစ္စတွေကိုသိတယ်တဲ့ ... အိမ်ဖွဲ့လေ အဲ့လူကြီးရဲ့ မျက်နှာကို တစ်ရက်ကလေးမှ ခုထိမှတ်မိသေးတယ်"

"အဲ့အကြောင်းတွေ ကိုယ်အကုန်သိတယ် ရအောင် မေ့လို့တော့ မပြောရက်ပေမဲ့ တဖြည်းဖြည်းချင်း မေ့ပစ်ရမယ်လေ ... အဲဒီအချိန်က ကိုယ့်ကလေးလေး အရမ်းနာကျင်ခဲ့ရတယ် မဟုတ်လား ... အခုတော့ မတူတော့ဘူး ငယ်လေးအနားမှာ ကိုယ်ရှိတယ် ဘာမှကြောက်စရာ မလိုတော့ဘူးနော် ... ကိုယ့်ကို ယုံထား အခုတော့ ငယ်လေး စိတ်ရှုပ်နေမယ် ဘာမှ မတွေးနဲ့တော့နော် ခဏလေး ငြိမ်ငြိမ်နေ"

ဦးရဲ့စကားကို နားထောင်စွာနဲ့ပဲ အိမ်ဖွဲ့လက်တွေကပါ ဦးရဲ့ခါးကို တွယ်ဖက်ရင်း မျက်နှာလေးကို ရင်ဘတ်နား ကပ်ကာငြိမ်နေမိ၏ ... ။ နေမကောင်းတဲ့ အချိန်ဆို အိမ်ဖွဲ့ အကျင့်အတိုင်း တစ်ခုခုကို သတိရပြီး ကြောက်

နေတတ်သည် ...။ ဦးပြန်မလာခင်အထိ မမက ဘေးနား နေပေးပေမဲ့ ကိုကြီးဒီရေ ဆိုင်ကယ်တိုက်မိတယ် ဆိုတဲ့ ဖုန်းက လက်ခံပြီးသည်နှင့် ချက်ချင်း ထသွားတာမှ အိမ်ဖွဲ့တောင် တားချိန်မရလိုက် ...။

ဒါကြောင့် ဦးကိုပဲ ထိုင်စောင့်နေခဲ့တာ အလုပ်မှာ ပင်ပန်းခဲ့မည် ဆိုပေမဲ့ ပြန်လာခဲ့ တော့လည်း အိမ်ဖွဲ့ဆိုးသမျှ အပြစ်မဆိုပဲ ဂရုစိုက်ပေးပါသည်။

"ကျူးကရော ငယ်လေး ... "

"မမက ဦးမလာခင်ထဲက ပြန်သွားတာဦးရဲ့"

"ဆေးသောက်ပြီးပြီလား ငယ်လေး ... "

ရင်ခွင်ထဲကနေ မျက်နှာလေး မော့ကြည့်နေတဲ့ ငယ်လေးရဲ့ နဖူးထိပ်က ဆံစလေးတွေ သပ်တင်ပေးလိုက်တော့ ကိုယ်လေးက အခုထိပူနေတုန်းပင်။

"မသောက်ထားဘူး ဦးကိုစောင့်နေတာ ... "

"ဖျားနေသေးတာပဲ"

"အင့် ... သိသားပဲ"

နဖူးဖြင့် မေးဖျားကိုလာတိုက်ကာ နူတ်ခမ်းလေး စူလာတော့ ကိုယ့်မှာ အသည်းယားရပြန်သည်။ သို့ပေမဲ့ ချက်ချင်းပင် ကိုယ်ချင်းခွာသွားသည်မို့ ...။

"ဆေးသောက်ရမယ်လေ ဘယ်အချိန်ရှိပြီလဲ ငယ်လေးရဲ့ ကိုယ်ကလေးလေးက လိမ္မာပါတယ် ... အိမ်ထဲဝင်ကြရအောင်"

"တကယ်တော့လေ အိမ်ဖွဲ့ကိုယ်က ပူနေတယ်ဆိုတာ ဒီလိုရှိတယ် ... "

"အင်း ပြောပါဦး ...။ ဘယ်ကဘယ်လို ပူလာသလဲ ဆိုတာ"

"လက်ကဖယ်ဦးလေ ... "

"ကလေးကလည်းကွာ"

ပခုံးပေါ်တင်ထားတဲ့ လက်ကိုဖယ်ချတာ စူအောင့်အောင့်လေး ပြောလာသည်မို့ ခါးလေးကို ဆွဲဖက်ကာ နီထွေးနေတဲ့ နှုတ်ခမ်းပါးလေးကို စုပ်ယူနမ်းရှိုက်လိုက်၏။ လက်တစ်ဖက်ကလည်း ခါးသိမ်သိမ်လေးကို ဆွဲဖက်ထားသည့် အတွက် ခန္ဓာကိုယ်ကြီးကလည်း နီးကပ်လွန်းလှစွာ ... တဖြည်းဖြည်းချင်း မျက်နှာလေးရော ပါးပြင်လေးကို နမ်းရှိုက်လိုက်တော့ ရုန်းကန်ခြင်းမရှိပဲ ငြိမ်သက်နေလေသည်။

"အာ့ ... ခွေးပေါက်စလေး"

ပုံမှန်ဆို သူမလေးရဲ့ နှုတ်ခမ်းပါးလေးကို ဖွဖွလေး ကိုက်ကာအနမ်းတွေကို အဆုံးသတ်လေ့ ရှိပေမဲ့ ဒီတစ်ခါတော့ မထင်မှတ်ထားစွာ သွားချွန်ချွန်လေးတွေက ကိုယ့်အောက်နှုတ်ခမ်းကို ကိုက်ချလိုက်တာမို့ ရင်ထဲ သိမ့်ခနဲပင် ဖြစ်သွားရသည်အထိ။

***

"ဦး အလုပ်လုပ်ရတာ မပင်ပန်းဘူးလား"

"ကိုယ်လုပ်နေကျပဲလေ မပင်ပန်းပါဘူး"

"ပါးစပ်ပဲလေ ဦးကလည်း"

"လူဆိုးမလေး လိမ္မော်သီးတွေ အများကြီး မစားနဲ့နော်"

တစ်နေ့လယ်လုံး အနားမှာ ကပ်တွယ်နေသည့် ငယ်လေးက ညပိုင်းကုမ္ပဏီက စာရင်းတွ ေစစ်နေသည့်တိုင် ဘေးကမခွာသေး နေမကောင်းရင် လူအနား အမြဲကပ်နေတတ်တဲ့ ဒီအပြုအမူလေးတွေကို သဘောကျမိပါသည်။ အခုလည်းကြည့် ဆိုဖာပေါ်ထိုင်ရင်း အလုပ်လုပ်နေတဲ့ ကိုယ့်ဘေးနားလာကာ ပေါင်ပေါ်ခေါင်းအုံးရင်း ဆိုဖာပေါ် လှဲအိပ်နေလေ၏။ လက်က

လည်း နေ့လယ်က ဝယ်လာတဲ့ လိမ္မော်သီးတွေကို အခွံနွှာပြီး စားနေသည်က တစ်ခါတစ်ရံ အလုပ်လုပ်နေတဲ့ ကိုယ့်ကိုပင် လှမ်းခွံ့တတ်သေးသည်။

"ဦး မမကလည်း ကိုကြီးကို ချစ်နေတာထင်တယ်"

"စစ်ခန့်လား မဟုတ်လောက်ပါဘူး ကလေးရဲ့"

"ကိုကြီး ဒီရေလေ"

"ဪ ကိုယ်လည်း သတိမထားမိဘူး ကလေးရဲ့"

မျက်လုံးတွေနဲ့ လက်တွေက လက်တော့စ်က အကြည့်မခွာသလို ပါးစပ်ကလည်း သူမလေးမေးသမျှဖြေပြီး သူမလေးခွံ့သမျှက စားရသေးသည် ...။ သို့ပေမဲ့ ငြိုငြင်ခြင်းမရှိ ... ငယ်လေး စိတ်ချမ်းသာဖို့က အဓိကပဲမလား။

"အိမ်ဖွဲ့နေမကောင်းရင် ပျာယာခတ်နေတဲ့မမက ... နေ့လယ်ကလေ ကိုကြီးဒီရေ ဆိုင်ကယ် တိုက်မိတယ်လည်း ဆိုရော ချက်ချင်း ပြန်သွားတာသိလား"

"ကျူးလည်း အရွယ်ရောက်ပြီးသား မိန်းကလေး တစ်ယောက်ပဲလေ။ ဒီအရွယ်မှာ ချစ်သူ၊ ရည်းစား မရှိတာတောင် ထူးဆန်းနေဦးမယ်"

"မမကိုနှမြောလိုက်တာ ဒါပေမဲ့လည်း ကိုကြီးဒီရေနဲ့သာဆို သဘောတူတယ်"

သက်ပြင်းချကာ ပြောလိုက်သည့် သူမလေးကြောင့် အသည်းယားစွာ လက်တစ်ဖက်က ပါးလေးကို ဖျစ်ညှစ်လိုက်ရင်း

"သူလည်း ချစ်တဲ့သူတွေ့ရင် လက်ထပ်ရတော့မှာပေ့ါ ငယ်လေးရဲ့ ...။ အမြဲတမ်း ငယ်လေးအနားမှာပဲ နေလို့မှမရတာ။ ငယ်လေးအနားမှာ နေဖို့က ကိုယ်ရှိတယ်လေ"

"အဲဒါလည်း ဟုတ်သားပဲ အိမ်ဖွဲ့တို့ ကိုကြီးနဲ့မမကို အောင်သွယ် ပေး

ရအောင်လေ ... ။ သူတို့နှစ်ယောက် အဆင်ပြေသွားတော့ ကောင်းသွားပေါ့"

"သူများတွေကိုပဲ လိုက်ပြီး အောင်သွယ်နေတဲ့ ကလေးပေါက်စ အိပ်တော့လေ"

"မနက်ဖြန် ဦးလည်း နားရက်မလား အိမ်ဖွဲ့လည်း ကျောင်းမသွားတော့ဘူး ရတီတို့ကလည်း ဒီကိုလာမယ်တဲ့ ဘုရားသွားကြမလားလို့ အဲ့ကပြန်ရင် လျှောက်လည်မယ် shopping ထွက်မယ် ... မုန့်တွေ အများကြီးစားပစ်မယ်"

လက်ထဲက မုန့်စားနေရင်းတောင် နောက်တစ်ခုကို တောင့်တနေသေးသည်မို့ ခပ်ဟယလေး ရယ်ကာ

"ဟုတ်ပါပြီဗျာ အပျင်းမလေး သူကျောင်းမသွား ချင်တိုင်းနဲ့။ အခုတော့ အိပ်တော့နော်"

"ဦးကရော မအိပ်သေးဘူးလား"

"ကိုယ်အလုပ်မပြီးသေး ..."

စကားပင်မဆုံးလိုက် ချက်ချင်းထထိုင်ကာ လူပေါ်တက်လာလေ၏။ ရင်ခွင်ကျယ်ကြီးထဲ ခေါင်းလေးမှီကာ လက်ညှိုးလေးတွေကပါ ရင်ဘတ်ကို ကလိနေသည်မို့

"ပျင်းနေပြီလား"

"ဦးလည်း အိပ်တော့လေ ညဥ့်နက်နေပြီ"

"ကိုယ်လည်း အလုပ်မပြီးသေးဘူးလေ အခုလိုလေး အိပ်ချင်ရင် အိပ်တော့နော် ... ။ ကိုယ်အလုပ်ပြီးရင် ခုတင်ပေါ်ပွေ့သိပ်ပေးမယ် ..."

"မရဘူးလို့ ဦးနဲ့ပဲအိပ်ချင်တာပါဆို အဲ့အလုပ်က အရေးကြီးလား အိမ်ဖွဲ့က

အရေးကြီးလား"

လက်ကလေးပိုက်ရင်း မျက်မှောင်ကြုတ်ကာ မေးလိုက်သည်က စိတ်ကောက်တော့မည့် အခြေအနေကို ဖော်ပြနေသည်မို့

"သေချာပေါက် ငယ်လေးပဲပေါ့"

"အဲဒါဆို အတူတူအိပ်မယ်လေ ... နော် ဦး"

"ဟုတ်ပါပြီဗျာ ခဏလေးစောင့်နော် ကိုယ်ဒါလေး လက်စသတ်ဦးမယ်"

"အွန်း"

အိမ်ဖွဲ့လက်ထဲက လိမ္မော်သီးစိတ်ကို ပါးစပ်ထဲ ထည့်ပေးလိုက်တော့ နဖူးလေးကို လာနမ်းကာ မျက်လုံးတွေက လက်တော့စ်ဆီသို့သာ တစ်ဖန် ရောက်သွားလေသည်။

***

"အိပ်တော့နော် ကလေးလေး"

အိမ်ဖွဲ့အလိုကျပင် ၁၀မိနစ်လောက် နေတော့ အလုပ်ကို ချက်ချင်းသိမ်းကာ အိပ်ရာ ဝင်ခဲ့ပါသည်။

"ဦး ... သီချင်းဆိုပြလေ"

"ဟုတ်ပြီ ဆိုပြမယ် အိပ်တော့"

ဦးရဲ့လက်မောင်းကို ခေါင်းအုံးကာ ရင်ခွင်ကျယ်ကြီးထဲ တိုးဝင်မိရင်း ခံစားလိုက်ရသည်က အိမ်ဖွဲ့အတွက် ဒီရင်ခွင်က နွေးထွေးလွန်းတယ် ဆိုတာကိုသာ။

"ကိုယ်က ပြန်ပူနေလာတာပဲ ကလေးရယ် ...။

နေရတာ အဆင်ပြေလား တစ်ခုခုနေထိုင် မကောင်းတာရှိရင် ကိုယ့်ကို

ချက်ချင်းပြောနော် ... "

"အိမ်ဖွဲ့အဆင်ပြေပါတယ် ဦးရဲ့ ... "

"နေ့လယ်ကလေ တိုက်ထဲ အကြာကြီး နေလို့ထင်တယ် အခုတော့ပြန်ဖျားပြီ ... အဲဒါကြောင့် ခုနက ကိုယ်ကန္တေးနေပါတယ် မှတ်တာ ... ကြည့်ပါဦး မျက်နှာလေးတွေ ရဲနေတာပဲ"

အိမ်ဖွဲ့ပါးလေးကို ဖွဖွလေးကိုင်ကာ စိတ်ပူနေတဲ့ ဦးက အခုလည်း အိမ်ဖွဲ့ ပြန်ဖျားတာ သူ့အပြစ်လို့ ထင်နေသည့်ပုံ တကယ်လည်း အိမ်ဖွဲ့အဆင်မပြေပါ ခေါင်းက တဆစ်ဆစ် ထိုးကိုက်နေလေသည် ... သို့ပေမဲ့ ဦးကိုတော့ ပြောလို့မဖြစ် အလုပ်မှာပင်ပန်းခဲ့တဲ့ ဦးက အိမ်ဖွဲ့ကြောင့် အိပ်ရေးပျက်တာ မျိုးတော့ မဖြစ်စေချင်ပါ။

"အိမ်ဖွဲ့ ဘာမှမဖြစ်ပါဘူးဦးရဲ့ ... အိပ်တော့မယ် ဦးလည်း အိပ်တော့နော်"

"ကိုယ်သီချင်းဆိုပြမယ်"

အကြိမ်ကြိမ်ရင်ခုန်မိသော ... မင်းမျက်ဝန်း

အာရုံမှာငြိတဲ့မျက်ဝန်း ...

"ဦး အဲ့သီချင်းကို သဘောကျလို့လား"

"ဒီသီချင်းက ငယ်လေးနဲ့ အလိုက်ဖက်ဆုံးလေ ...။

ကိုယ်နဲ့ငယ်လေး စတွေ့တုန်းက ကိုယ့်ကိုမော့ကြည့်ခဲ့တဲ့ အပြာရောင် မျက်ဝန်းလေးကို စတွေ့ထဲက စွဲလမ်းခဲ့ရတာ"

"ဟီး ... ဦးကအိမ်ဖွဲ့ကို စတွေ့ကတည်းက ချစ်တာပေါ့"

"ဟုတ်တာပေါ့ ... စတွေ့ကတည်း လူကိုချွဲပြီး အနိုင်ယူသွားတဲ့ ကောင်မလေးကိုရော အပြာရောင် မျက်ဝန်းလေးကိုရော အရမ်းချစ်တာ"

မျက်လုံးလေးပင့်ကာ မေးလာတဲ့ ကောင်မလေးရဲ့ မျက်ခွံလေးကို နမ်း

လိုက်တော့ ကျေနပ်သွားသလို မျက်နှာလေးက ပြုံးလာလေ၏။ ချက်ချင်းပင် နဖူးကိုလာနမ်းတဲ့ ကောင်မလေးကြောင့် အသည်းယားစွာ ကိုယ်လုံးသေးသေးလေးကို တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။

"အိပ်တော့ကလေးငယ်"

... အကြိမ်ကြိမ်ရင်ခုန်မိသော မင်းမျက်ဝန်း ...

... အာရုံမှာငြိတဲ့မျက်ဝန်း ...

... မင်းရဲ့အကြည့်မှာ မျောနေခဲ့ ...

... မင်းရဲ့ ... မင်းရဲ့အချစ်မျက်ဝန်း ...

... ကျိန်စာအလား ရပ်မသွားတဲ့ ...

... ခံစားချက်ပေါင်းများစွာနဲ့ ...

... စူးရှတဲ့မျက်ဝန်းတစ်စုံမင်းချန်ခဲ့ ...

... မှုမပိုင်တဲ့မျက်ဝန်းအတွက် ...

... ကျိတ်ပြီးရှုံးခဲ့ရပေမဲ့ ...

... နှုတ်ဆက်မဲ့ ဒီနှုတ်ခမ်းတွေတွေးပူနေ ...

သီချင်းတောင်တစ်ဝက် မရောက်လိုက် ရင်ခွင်ကျယ်ကြီးထဲ အိပ်မောကျနေတဲ့ သူမလေးကြောင့် နှစ်ခြိုက်စွာ ပြုံးလိုက်ရင်း။

"Goodnightပါ ကိုယ့် ချစ်မဝလေး"

နဖူးလေးကိုဖွဖွလေး ဖိကပ်နမ်းကာ ခေါင်းလေးကို ပွတ်ပေးရင်း အိပ်စက်ခြင်းသို့ ... ...။

***

Part- 41

"ငယ်လေး ... လာလေ ရတီတို့အောက်ထပ်မှာ ရောက်နေပြီ"

သူမလေး အစီအစဉ်အတိုင်း အလုပ်ပိတ်ရက်မှာ ဘုရားသွားဖို့ပြင်ထားပေမဲ့ အခုချိန်ထိ ခုတင်ပေါ်မှာ ခြေထောက်တစ်ဖက် ချိတ်ကာ ထိုင်နေတဲ့ ငယ်လေးကြောင့် သတိပေးလိုက်ပေမဲ့ လှည့်ပင်ကြည့်မလာခဲ့ ...။

"ငယ်လေး ကိုယ်ပြောတာ ကြားလားကလေး။ နေမကောင်းဘူးလား ... ဘယ်နားက ဘာဖြစ်တာလဲ ကိုယ့်ကို ပြောစမ်းငယ်လေး"

"ဦး အိမ်ဖွဲ့မဖျားတော့ဘူးလေ ... အဲ့တော့ ဒီအင်္ကျီကြီးမဝတ်ချင်ဘူး ... အိမ်ဖွဲ့လည်း သူများတွေကိုလှချင်တာပေါ့"

မနေ့ညက သန်းခေါင်လောက်ကြီး အဖျားတွေတက်ခဲ့လို့ ကိုယ့်မှာ တစ်ညလုံး မအိပ်နိုင် ... ။ မနက်မိုးလင်းတော့ ဘုရားသွားချင်ပါတယ် ဆိုတာကြောင့် သူမလေး စိတ်တိုင်းကျသွားဖို့ စီစဉ်ထားပေမဲ့ အခုချိန်ထိ အဖျားကတက်လိုက်ကျလိုက် ဖြစ်နေတဲ့ သူမလေးက ဝမ်းဆက်အပါးလေးသာ ဝတ်ထားသည်မို့ အပေါ်ကSpallow ဆွယ်တာလေးကို ထပ်ဝတ် ပေးထားသည်ကို မကျေနပ်ဖြစ်နေသည့်ပုံပင် ...။

"ငယ်လေး ကိုယ်ပြောမယ် သေချာနားထောင်နော် ... "

"မပြောနဲ့ အိမ်ဖွဲ့ပဲပြောမယ် ... အိမ်ဖွဲ့ပြောတာပဲနားထောင်။ ဒီအင်္ကျီကြီး ထပ်မဝတ်ချင်ဘူး"

နှုတ်ခမ်းလေးစူကာ စိတ်ညစ်နေရှာတဲ့ သူမလေးကို ခါးထောက်လျက်

သားသာ ငေးကြည့်နေမိတော့သည်။

"ငယ်လေးအခုထိ နေမကောင်းသေးဘူးလေ ... ကိုယ့်ကိုယ်ကိုယ် သိတယ်မလား ...။ ခေါင်းမမာရဘူး ကလေး ဒီအင်္ကျီလေး ထပ်ဝတ်တာ ဘာဖြစ်သွားမှာမို့လည်း ... ကိုယ့် ကလေးလေးက လိမ္မာပါတယ် တခြားလူတွေလည်း စောင့်နေပြီ အောက်ဆင်းကြမယ်နော်"

"ဦးတို့ပဲသွားလိုက်တော့ အိမ်ဖွဲ့မလိုက်တော့ဘူး ... ။ အိပ်ချင်လို့ အိပ်နေခဲ့တော့မယ် ... "

"တကယ် မသွားတော့ဘူးလားငယ်လေး"

"မစဘူး ... မနောက်ဘူး ... အတည်ပြောတာ ... "

ခုတင်ပေါ်ကန့်လန့်ဖြတ် လှဲကာအိပ်ရင်း ပြန်ပြောနေတဲ့ သူမလေးပုံစံကို ကြည့်ပြီး ခပ်ဟဟလေးရယ်ကာ ခေါင်းခါမိ၏ ... ။ နေမကောင်းလို့ မျက်နှာလေးတွေရဲပြီ အသားတွေ ပူကျစ်နေတာတောင် အင်္ကျီအထူက ထပ်မဝတ်ချင် ... ။ သို့ပေမဲ့လည်း သူမလေးအခုလို စိတ်ဆိုး၊ စိတ်ကောက်ပြီး မျက်နှာလေးညှိုးနေတော့ ကိုယ့်ကပဲ စိတ်မကောင်း ဖြစ်ရပြန်သည်။

"မစဘူးဆိုတော့လည်း ကိုယ်သွားမယ်နော် ငယ်လေး ... "

"သွားလေ ဦးဘာသာသွားတာ အိမ်ဖွဲ့ကို ဘာလို့ ပြောနေတာလဲ... "

"ကျီ ... "

ပြောလိုက်သည်က ကိုယ်ဆိုပေမဲ့ ကြားလိုက်ရတဲ့ တံခါးဖွင့်သံကြောင့် ဝမ်းနည်းမှုက ရင်ထဲ လှိုက်ခနဲဖြစ်သွားရ၏ ...။ အိမ်ဖွဲ့စိတ်ဆိုးရင် ပြန်ချော့မယ်၊ အလိုလိုက်ပေးမယ်မှန်း သိလို့ စိတ်ဆိုးချင်ယောင် ဆောင်မိကာမှ ဦးကပါ အိမ်ဖွဲ့အနားက ထွက်သွားတော့ မဖိတ်ခေါ်ထားတဲ့ မျက်ရည်တွေက ပါးပြင်အထက် စီးကျလာပြန်သည် ...။

"ဘုတ် ... အုန်း ...။ အီး ဟီး ... အလကားလူ ... ပြောတော့ဖြင့် ချစ်တယ်ဆိုပြီး"

တွေးရင်း တွေးရင်း စိတ်တိုလာသည်မို့ ခေါင်းအုံးပေါ် မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုနေရင်း လက်ကလည်း ဘေးက ဖက်လုံးကို ထုရိုက်နေမိ၏။

"အို ... အမေ့ရေ"

မထင်မှတ်ထားစွာ အနောက်ကနေ ပွေ့ချီခြင်း ခံလိုက်ရသည်မို့ အိမ်ဖွဲ့ကိုယ်လုံးလေးက စွေ့ခနဲပါသွားရ၏ ...။

"ဟင် ... ဦး ... "

ကိုယ်လုံးသေးသေးလေးကို ပွေ့ချီပြီး သူပါ ခုတင်ပေါ်လှဲအိပ်လိုက်တဲ့ ဦးကြောင့် မထင်မှတ်ထားတဲ့ အချိန်မှာ အိမ်ဖွဲ့ကိုယ်လေးက ဦးရဲ့ရင်ခွင်ကျယ်ကြီးထဲ ရောက်နေလေပြီ။

တအံ့တဩဖြစ်သွားရတဲ့ အိမ်ဖွဲ့နဖူးလေးကို နမ်းကာ သန်မာလွန်းတဲ့ လက်တစ်စုံကလည်း ကိုယ်လုံးသေးသေးလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်ရင်း ...။

"ကလေးပေါက်စ ကိုယ့်ကို စိတ်ဆိုးနေတာလား"

"သွား ... အိမ်ဖွဲ့ဆီကိုမလာနဲ့ ခုနကတော့ သူတို့ဆီ ထွက်သွားပြီး။ ဦးပဲ သူတို့နဲ့ အတူသွားမလို့မလား"

"ဘယ်ကသာ ကလေးရယ် ... ခုနက အပြင်ထွက်သွားတယ် ဆိုတာက သူတို့ကို သွားခိုင်းလိုက်တာ။ ကိုယ်လုံးဝမှ မလိုက်သွားရပါဘူး ကလေးရယ် ... "

အဖျားရှိန်ကြောင့်ရော ဒေါသထွက်နေတာကြောင့်ပါ နီမြန်းနေတဲ့ ပါးပြင်

လေးကို ခပ်ဖွဖွနမ်းလိုက်တော့ မျက်နှာကို ချက်ချင်း ပြန်လှည့်သွားလေ၏ ...။

"ကလေးလေး စိတ်ဆိုးနေတာလား။ ကိုယ့်ကိုကြည့်ပါဦးကွာ ဘာကို စိတ်ဆိုးတာလဲ ကိုယ့်ကိုပြောလေ အဲဒါမှ ကိုယ်ကချော့လို့ရမှာပေါ့ ငယ်လေးရဲ့ ကိုယ့်ကလေးလေးက ဘာတွေကို စိတ်ကောက်နေတာလဲ ကိုယ့်ကို ပြော"

"မသိဘူး ... အင့်"

"ဟီး ဦးကအိမ်ဖွဲ့ကို ဂရုမစိုက်သလို ခံစားရလို့ ... "

"ကလေးရယ် အဲ့လိုမတွေးပါနဲ့ကွာ။ ကိုယ် ငယ်လေးကို ဘယ်လောက်ထိ ချစ်မှန်း ငယ်လေးလည်း သိရဲ့သားနဲ့ ... မငိုရဘူးလေ ... ကိုယ်အမှားပါ ငယ်လေးကို တစ်ယောက်တည်း ထားခဲ့မိတာ ကိုယ့်အမှားပါ။

နောက်ဆို အခုထက်ပိုပြီး ဂရုစိုက်ပါ့မယ်"

တအီအီနဲ့ငိုနေရှာတဲ့ ငယ်လေးကို သနားလွန်းလို့ ခေါင်းလေးကိုပုတ်ကာ တတွတ်တွတ် ချော့နေမိ၏။ တစ်ချက်တစ်ချက် ရှိုက်သံလေးတွေပါ ထွက်လာပြီး ဝမ်းနည်းတကြီး ငိုနေတာမို့ ကိုယ့်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့ ...။

"ဦး အိမ်ဖွဲ့ကို တစ်ယောက်တည်း မထားခဲ့နဲ့နော်"

"မထားခဲ့တော့ဘူးနော် ကိုယ့်အသည်းလေး မောနေပါမယ် မငိုနဲ့တော့နော် ...။ အခု အပြင်သွားချင်လား ကိုယ်လိုက်ပို့မယ်"

"ဟင့်အင်း ... မသွားချင်ဘူး"

"အိပ်မလား ကိုယ်ပွေ့ပြီး ချော့သိပ်ပေးမယ်"

"မအိပ်ချင်ဘူး ... "

"shoppingထွက်မလား ငယ်လေး ကိုယ်လိုက်ပို့မယ်"

"shopping ... "

ရင်ခွင်ထဲကနေ သူ့စကားကို သံယောင်လိုက်ကာ ပြောလိုက်တဲ့ ငယ်လေး ကြောင့် ဆံပင်လေးတွေကို ဖွလိုက်၏။

"သွားမလား ငယ်လေးပဲ အရုပ်တွေအများကြီး လိုချင်တယ်ဆို"

"အိမ်ဖွဲ့မှာ ပိုက်ဆံမရှိဘူး ဦးဝယ်ပေးမှာလား ... "

"ဒါပေါ့ ငယ်လေးလိုချင်တာ အကုန်ဝယ်ပေးမယ် သွားမယ်မလား ... မငို ရတော့ဘူးနော်"

"အွန်း ... အွန်း သွားမယ်။ အင်္ကျီပြန်လဲဦးမယ် ဒီမှာထိုင်နေနော်"

"ဟုတ်ပါပြီဗျာ ... "

ကိုယ့်ဆီက အဖြေစကားကို ရသည်နှင့် ဖက်ထားသည့် လက်တွေကို ဖြေချကာ ခုတင်ပေါ်ကနေ ဆင်းပြေးသွားသည်က မြန်ဆန်လွန်းလှစွာ ...။

သူမလေးကိုစောင့်နေရင်း ဘေးကခုံပေါ် တင်ထားတဲ့ ပိုက်ဆံအိတ်လေး ကို ယူကြည့်လိုက်တော့ သူမလေးပြောသလို ပိုက်ဆံဆိုလို့ တစ်ပြားမှမရှိ ... သို့ပေမဲ့ ကိုယ်ပေးထားတဲ့ ဘဏ်ကတ်ရယ် မာမီပေးထားတဲ့ ဘဏ်ကတ် ရယ်ကတော့ ရှိပါ၏ ...။ ကိုယ် သိထားသလောက်ဆို ငယ်လေးက ဒီဘဏ် ကတ်တွေကို သုံးမည့်ပုံမပေါ် ... ယုတ်စွအဆုံး ကိုယ့်ဆီကတောင် ပိုက်ဆံ လုံးဝ မတောင်းခဲ့ဖူးပါ ... မုန့်စားချင်ရင် ဝယ်ကျွေးခိုင်းတယ် ... လိုချင်တာ ရှိရင် ပူဆာတတ်တယ် ...။

ကိုယ်ကသာ သူမလေးပိုက်ဆံအိတ်ထဲ ရှိမရှိ နေ့တိုင်းကြည့်ပြီး ပိုက်ဆံ ထည့်ပေးထားတတ်လို့သာ ... မဟုတ်ရင် လုံးဝမှ ကိုယ့်ဆီက တောင်းလေ့ မရှိ။

"ဦး အိမ်ဖွဲ့လှလားဟင် ... "

blousonအဖြူ၊ အနက်စပ်ကျားလေးကို ဂျင်းဘောင်းဘီရှည်လေးနဲ့ တွဲဖက်ဝတ်ဆင်လာတဲ့ သူမလေးက ကလေးတစ်ယောက်သဖွယ် ... ပြုံးရယ်ကာ မေးနေတဲ့သူမလေး ပုံစံကို သဘောကျ လွန်းလို့ အနားကိုသွားကာ ပါးလေးကိုနမ်းလိုက်မိသည် ...။

"အပေါ်က ဆွယ်တာလေး ထပ်ဝတ်လိုက်ရင် ရပြီ။ အိမ်ဖွဲ့ချစ်စရာလေးမလား ... "

"ဟုတ်တာပေါ့ ကိုယ့်အသည်းလေးက ဘယ်လိုနေနေ ချစ်ဖို့ကောင်းတယ် ... "

"ဒါပေါ့ ဒါပေါ့ မိုးသားအိမ်ဖွဲ့ပဲလေ ...။ ခဏလေးနော် ဆံပင်လေး စည်းချင်သေးလို့ ... "

"ငယ်လေး ... "

အလျင်လိုနေတဲ့ သူမလေးရဲ့ခါးကို ဆွဲဖက်လိုက်တော ့ မျက်ဝန်းလေးတွေက ပြူးကျယ်ကာ ...

"ဘာလဲဟင် ဦး ... "

"ဘယ်လိုလေးမှန်း မသိဘူး ချစ်ဖို့ကောင်းလွန်းလို့... "

"အင့် ... အွန့် ... "

ရီဝေစွာငေးကြည့်ရင်း အိမ်ဖွဲ့မျက်နှာလေးကို ထိန်းကိုင်ကာ ပါးပြင်တစ်လျှောက် နေရာလပ်မကျန် အနမ်းခြွေနေသည်မို့ ရှက်အားပိုစွာ ရင်ခွင်ကျယ်ကြီးထဲ မျက်နှာလေး ဝှက်ထားမိ၏။

"ဟား ငယ်လေး မျက်နှာလေး မော့ပါဦး ကွာ"

"no ပါ အိမ်ဖွဲ့မျက်နှာမော့ရင် ဦးကနမ်းမှာပေါ့ ... "

"လူလည်မလေး ... ဟား"

လက်နှစ်ဖက်က ခါးကို တင်းတင်းဖက်ကာ မျက်နှာကို ဗှက်လိုက်သည်မို့ သဘောတကျ အော်ရယ်မိသည်အထိ ...။ အသည်းယားလွန်းလို့ လည်တိုင် ကြော့ကြော့လေးကို ကိုက်လိုက်တော့ ...။

"အား ... ဦးအကျင့်ယုတ်ကြီး"

ညည်းသံလေး ထွက်လာပြီး လက်သီးဆုပ် သေးသေးလေးတွေက ရင်ဘတ်ကို အဆက်အပြတ် ထုရိုက်လာလေ၏။

***

"ဒီရေ သက်သာရဲ့လား"

"မသက်သာဘူးမမရယ် လက်က အရမ်းနာနေတယ် ... "

မနေ့ထဲက ဆိုင်ကယ်တိုက်မိကာ ဆေးရုံရောက်နေတဲ့ ဒီရေကြောင့် ဆိုင်မသွားခင် လာကြည့်မိလေရာ ဒီရေ့ရဲ့ မသက်သာဘူးဆိုတဲ့ စကားကြောင့် ကိုယ်ပါစိတ်မကောင်းမိ။

"ကျူး မင်းအတွက် စွပ်ပြုတ်ယူလာတယ် ... "

"မမက ... "

"မဟုတ်ဘူးနော် မင်းထင်သလိုမဟုတ်ဘူး ... မင်းက ဒီမှာမိသားစုဝင်လည်း မရှိဘူးမလား မင်းသူငယ်ချင်းကလည်း ယောကျ်ားလေးဆိုတော့ ဒါမျိုးတွေ မလုပ်တတ်လောက်ဖူးထင်လို့ ... ပြီးတော့ ဒေါ်လေးကို ကူညီရင်းဖြစ်တာမလား အဲဒါကြောင့် ကျူးက အခုလိုယူလာပေးတာ ... "

ဘယ်သူမှလည်း ဘာမှမမေးပဲ တစ်ယောက်တည်း ဖြေရှင်းချက်တွေ ပေးနေတဲ့မမကြောင့် ဒီရေ့မှာရယ်ရခက်၊ ငိုရခက် ... မမကတော့ ဘာတွေဖြစ်နေမှန်း မသိ။

"မမ ကျွန်တော်ဘာမှ မပြောရသေးဘူးလေ"

"ဟမ် ... ဟုတ်လား ဘာမှမပြောရသေး ဘူးလား"

"ဟုတ် ကျွန်တော်က ကျေးဇူးတင်ပါတယ် ပြောမလို့လေအဲဒါကို မမက ဘာတွေ ဇွတ်ပြောနေတာလည်း"

သေလိုက်ပါတော့ မိကျူးရယ် ...။ ဒီရေ့စကားကြောင့် ကိုယ့်နဖူးကိုယ်သာ ပြန်ရိုက်ချင်တော့သည်။ ဟိုက တစ်မျိုးမထင်ပဲ ... ကိုယ်လုပ်လိုက်မှ အူကြောင်ကြောင် ဖြစ်သွားရပြီ။ မနေ့ထဲက ဒီရေ အက်စီးဒန့်ဖြစ်တယ် ဆို လို့ပျာယာခတ်နေပြီ ချစ်ပါတယ်ဆိုတဲ့ ညီမလေး နေမကောင်း ဖြစ်တာ တောင် ဒီတိုင်းထားခဲ့မိသည့် အထိ ...။ အခုလည်း ထိုနည်းတူစွာပင် မမေး ပဲ ဖြေရှင်းချက်တွေ ပေးနေမိပြန်သည်။ ကိုယ့်အဖြစ်ကို ရှက်လွန်းလို့ ဒီနေ မှာသာ အငွေ့အဖြစ် လွင့်ပျောက်သွားချင်ပြီ ...။

"မမ မမ ... ကျွန်တော်ခေါ်နေတာ ကြာပြီ ဘာတွေတွေးနေတာလဲ"

"ဟင် ... ဘာမှမတွေးပါဘူး မင်းအဆင်ပြေတယ် ဆိုရင် ကျူးပြန်တော့ မယ် ...။ ဆိုင်မှာလည်း အလုပ်လေးတွေရှိသေးလို့"

"မမပြန်တော့ ဒီစွပ်ပြုတ်ကို ဘယ်လိုသောက်ရမလဲ"

"ငါလာပြီ ဟော့ကောင် ဒီက မမကျူးကို ကျေးဇူးတင်ပါတယ်ဗျာ"

"ရပါတယ် အဲဒါဆို ကျူးပြန်တော့မယ်နော် ... "

"အဆင်ပြေလားဒီရေ"

"မပြေဘူး သတောင်းစားရဲ့"

အချိန်ကောင်းရောက်မှ ရုတ်တရက်ကြီး ရောက်လာတဲ့ သူငယ်ချင်းကို ကျိန်ဆဲရင်း စိတ်တိုလွန်းလို့ မျက်နှာကြီးက မှုန်ကုပ်နေလေပြီ ...။ ဒေါ်လေးရဲ့ အစီအစဉ်ကို အကောင်အထည် ဖော်ဖို့ နီးကပ်လာပြီဆိုကာမှ

အလိုက်ကန်းဆိုး မသိတဲ့ သူငယ်ချင်းကြောင့် မမကပြန်သွားလေပြီ ...

***

"ပျော်လားငယ်လေး "

"ဟုတ် အိမ်ဖွဲ့လိုချင်တာ အကုန်ဝယ်ပေးတဲ့ ဦးကို အရမ်းချစ်တာပဲ"

လက်မောင်းကို တွဲခိုကာ ချစ်စဖွယ်ဆိုလာတဲ့ သူမလေးကြောင့် နှာခေါင်းလေးကို ဖျစ်ညှစ်လိုက်မိ၏။ လိုချင်တာရလာတော့ မျက်နှာလေးက ခုနကနဲ့ မတူပဲ ပြုံးရယ်နေတော့ ကိုယ်ပါ စိတ်ချမ်းသာရသည်။

"ဦး ဒါလည်း `AK Shopping Centre´ဆိုတော့ ဦးပိုင်တာပဲလား"

"ဟုတ်တယ်ငယ်လေး ... ဒါလည်း AK group က ဖွင့်ထားတဲ့Centre တွေထဲက တစ်ခုပဲ ... "

"Centre တွေထဲက တစ်ခုဆိုတော့ နောက်ထပ် ရှိသေးတာပေါ့ အဲ့လိုလား ... "

"ဟုတ်တယ်ငယ်လေး ..."

"ဝိုး ... ... အိမ်ဖွဲ့ယောကျ်ားက high boss ကြီးပဲ"

"high boss ကြီးက ဒီကလေးပေါက်စကို ရှိသမျှ အကုန်အမ်းပစ်မှာမို့ ကလေးလေးသာ ကိုယ့်ဘေးမှာနေ"

"အကုန်အမ်းမှာကို မလိုချင်ပါဘူး ... လူတစ်ယောက်လုံးကို ရထားပြီးပြီပဲ ... "

ပခုံးကိုလာတိုက်ကာ ခပ်ဟဟလေး ရယ်ရင်း ပြောလာတဲ့ငယ်လေး စကားကြောင့် တွဲထားတဲ့ လက်ကလေးကို ဆွဲယူရင်း မွေးညင်းနုလေးတွေနဲ့ လှနေတဲ့ လက်ခုံလေးကို ဖွဖွလေး နမ်းလိုက်မိသည် ...။ ဆံပင်လေးတွေကို ဖွလိုက်တော့လည်း ပြုံးရယ်နေသည်မို့ ကြည့်ရတာ သူမလေး ပျော်

နေသည့်ပုံ ...။

"ချစ်လိုက်တာ ကလေးရယ် ..."

"အိမ်ဖွဲ့လည်း ဦးကိုချစ်တယ်လေ"

"ဟုတ်ပါပြီ အတတ်ကလေးရယ်"

"အာ ... ဟိုဟာ ဟိုဝက်ဝံရုပ်ကြီး လိုချင်တယ်ဦး ... ဝယ်ပေး"

"လိုချင်ရင် ဝယ်လေ ..."

"အဲဒါမို့ ဦးကိုချစ်တာ ... မွ မွ"

"ဖြည်းဖြည်းသွား ကလေး ..."

သူလိုချင်တာတွေလို့ ဆိုင်ထဲပြေးဝင်သွားတဲ့ ငယ်လေးကို သတိပေးလိုက်ပြီး ကိုယ်ပါအနောက်က လိုက်လာရသည်။ ခုနကအထိ လိုချင်တာ အကုန်ဝယ်ထားပြီး သယ်လို့တောင် မနိုင်တာမို့ မန်နေဂျာကို အလုပ်သမား ခေါ်ခိုင်းကာ ကားပေါ် တင်ခိုင်းရသည်အထိ ... ဒါတောင် လူတစ်ရပ်စာလောက် ရှိတဲ့ ဝက်ဝံရုပ်ကြီးကို မြင်တော့ သူမလေး လိုချင်တုန်း ...။

တစ်ချိန်လုံး ငွေထုပ်ပိုက်ပြီး လိုက်ရှင်းနေရတယ် ဆိုပေမဲ့ ငြိုငြင်ခြင်းမရှိ ... အဓိကက သူမလေး စိတ်ချမ်းသာဖို့ ...။

***

"MD အိမ်ဖွဲ့လေးက ဟိုအိမ်မှာပဲ အိပ်လိုက်မယ်တဲ့ ..."

"ဘယ်လို ငါ့ကို ဘာမှမပြောပါဘူး ..."

"ခုနလေးတင် ကျွန်တော့်ကို ဖုန်းဆက်တာ သူ့မမနဲ့ အိပ်ချင်လို့ ဒီည အိမ်

ပြန်မလာတော့ဘူးတဲ့ ... "

"ဟက်"

ဝရန်တာမှာ ချထားတဲ့ စားပွဲမှာထိုင်ကာ စာရင်းစစ်နေတုန်း စစ်ခန့် စကားကြောင့် အံ့ဩသွားရပေမဲ့ ... အကြောင်းအရင်းကို သေချာတွေးမိတော့ နေ့လယ်ကကိစ္စကို သူမလေး စိတ်ကောက်နေတယ် ဆိုတာ သေချာပေါက်ပင်။

"MD သွားခေါ်မှာလား ... ရန်ဖြစ်ထားကြတာတော့ မဖြစ်နိုင်ပါဘူး"

အူကြောင်ကြောင် မေးနေတဲ့ စစ်ခန့်ကြောင့် laptopကို ပိတ်ကာ ခုံကိုမှီချကာ လက်ပိုက် ထိုင်လိုက်ရင်း ...။

"နေ့လယ်ကCentre 2ကို သွားရင်း ဆိုင်ခွဲက မန်နေဂျာတစ်ယောက်နဲ့ စကားပြောတာကို ကောက်နေတာ ... "

"မိန်းကလေးထင်တယ် "

"ဟုတ်တယ် သူဘေးမှာ ပါတာကို ပြောရကောင်းလား ဆိုပြီး စိတ်ကောက်နေတာ ... ကားပေါ်မှာ တစ်ချိန်လုံး ချော့လာတော့ ဘာမှပြန်မပြောဘူး ...လက်စသတ်တော့ ကလေးပေါက်စက အကြံဆိုးကြီးနဲ့ကို ... "

ခပ်တွေးတွေး ပြောနေတဲ့MD စကားကြောင့် စစ်ခန့်မှာ ပြည်တည်တည်နှင့် ... အိမ်ဖွဲ့မှုလည်း အခုလို လုပ်ဖို့ စဉ်းစားမိတယ်။

"သွားခေါ်မှာမလား MD ... "

"ဒါပေါ့ ကားထုတ်လိုက် အခုချက်ချင်း သွားမယ်"

သူမလေးမရှိရင် လုံးဝမှမနေနိုင်တဲ့ ကိုယ့်အတွက်တော့ ငယ်လေးရဲ့ လုပ်ကွက်က အရှိုက်တည့်တည့်ကို ထိပါသည်။ စိတ်ကောက်ပြေပြီ ထင်နေတာ သူမလေးက အခုလိုလုပ်ဖို့ အတွက် နေ့လယ်က အိမ်ကိုပြန်မလိုက်ပဲ

သူ့မမအိမ်ကို ပို့ခိုင်းတာပေါ့။ ဧနာရီခွဲမှ စစ်ခန့်ကို ဖုန်းဆက်တယ် ဆိုတော့ သေချာပေါက် ကိုယ်မလာနိုင် တော့ဘူးလို့ အပိုင်တွက်ထားသည့်ပုံ။

"မင်းတော့လား ငယ်လေးရာ ... "

***

"ဖြစ်ပဲ့မလားသမီးရဲ့ ... "

"အို ... မမကလည်း ဒီမှာပဲအိပ်မှာ မပြန်ဘူး"

ခုတင်ပေါ်ထိုင်ကာ အတင်းအကန်ငြင်းနေတဲ့ သမီးကြောင့် ကျူးပင် အကျပ်ရိုက်နေလေပြီ။ ကြည့်ရတာတော့ ရန်ဖြစ်လာသည့်ပုံ မပေါ် ညနေက ကိုကြီးကိုယ်တိုင် သမီးကို လာပို့ပေးတာပဲ။ ပြီးတော့ ကိုကြီးဆိုတာ သမီးကို လေသံမာမာနဲ့တောင် မပြောဘူးပဲ တယုတယထားတာ ကျူး လည်း သိနေတာပဲ။

"အင်းပါ အဲဒါဆို တီဗွီကြည့်နေလေ ... မမအောက်ကို ခဏဆင်းမယ်"

"ဟုတ် ... "

ချက်ချင်းTv control ကိုယူကာ လှအိပ်လိုက်တဲ့ သမီးကိုကြည့်ရင်း အပြင်ကိုထွက်လာခဲ့တော့ ဒေါ်လေးရဲ့စူးစမ်းတဲ့ အကြည့်တွေကို မြင်လိုက်ရသည်မို့ ခေါင်းယမ်းပြမိ၏။

"ကျွိ ... xxx"

"ဟယ် ချက်ချင်းကြီး ရောက်လာတယ်"

"ဒေါ်လေး၊ ကျူး ... ငယ်လေးကရော"

"အပေါ်ထပ်မှာ မင်းတို့ ဘာဖြစ်လာတာလဲ"

ဒေါ်လေးရဲ့မေးခွန်းကြောင့် နှာခေါင်းကို အသာသပ်ကာ ...

"ကျွန်တော့်ကို စိတ်ကောက်နေတာ ... "

"ဖြစ်ရမယ် အခုက လာခေါ်တာမလား အပေါ်ကိုလိုက်ခဲ့ပြီး ကိုယ်တိုင်သာ ချော့တော့ဖိုင်းရေ"

"ဟုတ်ကဲ့ ... "

အိမ်ပေါ်ကိုဆိုလို့ ဒေါ်လေးရဲ့ဦးဆောင်မှုနဲ့ အိမ်ပေါ်တက်လာရင်း ငယ်လေးရဲ့အခန်းရှေ့အရောက် ...။

"ဒေါက် ... ဒေါက် ... ငယ်လေး ... ကိုယ်ပါ"

"ဦးလား ပြန်တော့ဦး ... အိမ်ဖွဲ့ဒီမှာအိပ်မှာ"

"ကိုယ်ကရော ငယ်လေးမရှိပဲ ဘယ်လို အိပ်ရမှာလဲ"

"ဘယ်သိမလဲ ကိုယ့်ဟာကိုယ် ရအောင်အိပ်ပေါ့ ... "

"ကိုယ့်ကို မသနားဘူးလား ... "

"မသနားပါဘူး သနားရအောင် ဦးက ၅နှစ်ကလေးလေးမို့လား"

ဘုကန့်လန့်တွေချည်းသာ ပြောနေပုံထောက်တော့ သေချာပေါက် ဒီနည်းနဲ့ငယ်လေးကို ခေါ်လို့ရမည် မဟုတ်တော့ ...။ တခြားနည်း သုံးမှဖြစ်တော့မည် ...။

"အင်းပါ အဲဒါဆိုလည်း ကိုယ်ပြန်မယ်နော်။ ကိုယ့်ကို နှုတ်မဆက်တော့ဘူးလား ငယ်လေး ... "

လေသံတိုးတိုးဖြင့် ပြောလိုက်တော့ သူ့စကားကို အဟုတ်ထင်မှတ်ပြီး တံခါးဖွင့်လာလေသည် ...။

"ဟုတ် ကားကို ဂရုစိုက်မောင်းနော်ဦး ... မနက်ကျရင် အိမ်ဖွဲ့ပြန်လာမယ် ... စောစောလည်း အိပ်နော်ဦး"

"ငယ်လေးရာ မင်းကို ထားခဲ့စရာလား ... "

"အား လူယုတ်မာကြီး ဘယ်ကိုလည်း အခုချပေးလို့ .."

ခြေထောက်ကနေပင့်ကာ အိမ်ဖွဲ့ကိုယ်လုံးလေးကို ကျောပေါ် ပွေ့တင်လိုက်တဲ့ ဦးကြောင့် အလန့်တကြား အော်လိုက်ရင်း လူကလည်း ကို့ရို့ကားရားဖြစ်ကုန်၏။

"ကျွန်တော်တို့ ပြန်ပါဦးမယ်"

"ဟင် ... ဟုတ် ဟုတ်"

"အား ဦး ချပေးလို့ဆို ... လူယုတ်မာကြီး လူယုတ်မာကြီး ဦးအဏ္ဏဝါခေါင်ဇိုင်း ... "

မိန်းမကို မရမကပွေ့ပြီး အိမ်ပြန်ခေါ်တဲ့ ဇိုင်းကြောင့် ကျူးနဲ့ဒေါ်လေးတို့ကတော့ အံ့သြမိရုံသာ ...။

***